www.burmeseclassic.com

# ကိုးယောက်က သတ်လို့ ကိုးယောက်ကြံ သေရတဲ့ လူသတ်ပွဲကြီး

ဒေါ်အုန်းကြည်သား

ရှာဖွေ စုဆောင်း တင်ပြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)၊ တန်ဖိုး-( ၃၀၀ )ကျပ်

မျက်နှာဖုံးဒီဇိုင်း – မောင်ကျော်စိုး

ထုတ်ဝေသူ – ဦးချစ်ညွန့်(ဇင်ရတနာစာပေ)၊ ၂၀၅-က/၄လမ်း၊
မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ – ဦးမောင်မောင်ထွန်း (စံထားမိုးအော့ဖ်ဆက်)
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊
၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး – ကောင်းထွန်းစာပေ
အမှတ်(၂၇)၊ မာန်ပြေ ၂၁ လမ်း(အရှေ့)၊
၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၇၃၀၂၀၁၇၁

– မြတ်ပန်းရဂုံစာပေ
အမှတ် ၁၉၄ ၂၉လမ်း(အထက်)
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၃၉၄၅၅၀၊ ၀၉ ၅၁၅၅၇၄၃

ထုတ်ဝေသည့်စာအုပ်၊ ကက်တလောက်အညွှန်း (CIP)

ဒေါ်အုန်းကြည်သား ၉၂၀·၁

ကိုးယောက်ကသတ်လို့ ကိုးယောက်ကသေရတဲ့ လူသတ်ပွဲကြီး
ဇင်ရတနာစာပေ၊ ၂၀၁၃ ရန်ကုန်။
၅၁- စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ကိုးယောက်ကသတ်လို့ ကိုးယောက်ကသေရတဲ့ လူသတ်ပွဲကြီး

# ကိုးယောက်ကသတ်လို့
# ကိုးယောက်ကသေရတဲ့
# လူသတ်ပွဲကြီး



## ဒေါ်အုန်းကြည်သား

ရှာဖွေစုဆောင်း တင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရား - တရား - သံဃာ

အဖေ ဦးသိန်းလွင် + အမေ ဒေါ်အုန်းကြည်

ဆရာ - ဘဆရာကြီးမင်းသိင်္ခတို့အား


ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

ဒေါ်အုန်းကြည်သား

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉-ရက်နေ့တွင်

ကျဆုံးခဲ့ရသော


**အာဇာနည်ခေါင်းဆောင်ကြီးများ**



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်ခေါင်းဆောင်ကြီးများ၏ ဈာပနအခမ်းအနား



# အာဇာနည်နေ့အကြောင်း

ကျွန်ုပ်သည် ၁၉၅၉ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို မမီလိုက်ပါ။

ကျွန်ုပ်တို့သည် မြန်မာငွေကို ကိုင်သုံးရသဖြင့် ပြားစေ့မှ ၅ပြား၊ ၁၀ပြား၊ ၂၅ပြား (တစ်မတ်)၊ ပြား၅၀ (ငါးမူး)၊ တစ်ကျပ်တန်များ သုံးစွဲရသည့်အခါ မြန်မာငွေပိုက်ဆံများတွင် ထိုခေတ်ထိုအခါ ငယ်စဉ်က ဗိုလ်ချုပ်အောင်ဆန်းပုံများ ပါရှိသဖြင့် ဗိုလ်ချုပ်နှင့် လွန်စွာမှ ရင်းနှီးခဲ့ရသော်လည်း ဗိုလ်ချုပ်အား ဗိုလ်ချုပ်အောင်ဆန်းဟုသာ သိခဲ့ရလေ၏၊

ထို့နောက် ငယ်စဉ်မူလတန်းကျောင်းသားဘဝသို့ ရောက်ခဲ့သည့် အခါ ၁၉ ဇူလိုင်လသို့ ရောက်သည့်အခါ ကျောင်းက ဆရာ၊ ဆရာမတို့က အာဇာနည်နေ့အကြောင်းတွေကို သိသင့်သိထိုက်သလောက် သိခဲ့ရလေ၏။

မူလတန်းကျောင်းသင်ခန်းစာ မြန်မာစာတို့တွင် ဗိုလ်ချုပ်၏ အကြောင်း သင်ကြားရသော်လည်း ကျောင်းသင်ခန်းစာသဘောမျိုး ကျက်ရသဖြင့် ကျောင်းစာကျက်ရသလိုမျိုးနှင့်ပင် သိခဲ့ရလေ၏။

ဇူလိုင်လ ၁၉ ရက်နေ့ ရောက်သည့်အခါ အာဇာနည်နေ့မို့ ကျောင်းပိတ်၍ ပျော်ကြသည်။ အာဇာနည်ကုန်း ရွှေတိဂုံမြောက်ဘက်တွင် ရှိသည်ဆိုတာသိ၏။ ထိုနေ့ ထိုရက်မှာ ရုပ်ရှင်ထဲက မင်းသားမင်းသမီး တွေ လာကြမယ်။ သူတို့ကို အပြင်မှာ မြင်ဖူးတယ်ရှိအောင် အာဇာနည်ကုန်း သွားကြည့်ကြမည်ဟုဆိုကြ၏။

အာဇာနည်နေ့ရောက်သည့်အခါကျမှ အာဇာနည်ကုန်းကို သန့်ရှင်းရေးလုပ်ကြရသည်မှာ နှစ်စဉ်ထိုခေတ်က သတင်းစာများတွင် တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ငယ်စဉ်က အာဇာနည်နေ့ဆိုတာ ဝမ်းနည်းစရာ ကြေကွဲစရာဟုမထင်၊ ကျောင်းပိတ်သဖြင့် လွန်စွာမှပျော်ကြ၏။ ရွှေတိဂုံဘုရား၊ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံတို့ကို အာဇာနည်နေ့မှာ လျှောက်လည် ပျော်ခဲ့ကြဖူးလေ၏။

အာဇာနည်နေ့ဆိုသည်ကာ ဝမ်းနည်းရသည်။ ကြေကွဲရ၏ ဆိုတာ မိဘတွေကလည်း ပြောသင့်သလောက်ပြော၏။ ကျောင်းဆရာ၊ ဆရာမတွေကလည်း ပြောဘူးသော်လည်း ရင်ထဲမရောက်။

အလယ်တန်း၊ အထက်တန်းရောက်သည့်အခါ အာဇာနည်နေ့ ဆိုတာ လုံးဝမေ့နေတော့၏။

"သားတို့ ဒီနေ့ကျောင်းမသွားဘူးလား"

ဟု ဖခင်ဖြစ်သူက မေးရာ သားဖြစ်သူက

"ဒီနေ့ကျောင်းပိတ်တယ်လေ"

ဟု ပြောလိုက်လေ၏။

"ဘာနေ့မို့ကျောင်းပိတ်တာလဲ"

ဟု ဖခင်ဖြစ်သူကမေးရာ သားဖြစ်သူက...

"ဩော် အာဇာနည်နေ့ကိုး...."

ဟု သားဖြစ်သူပြောမှ သိရတော့သည့် ဖခင်မျိုးတွေ အများကြီးရှိလေ၏။

တစ်ခါ ကာတွန်းဆရာ မောင်နေအောင်ရေးသည့် ကာတွန်းတစ်ကွက်ကို တင်ပြရရင် ထိုကာတွန်းက ...

ကျောင်းသားတစ်ယောက်က ကျောင်းဆရာမအား ...

ကျောင်းသား ။ ။ ဆရာမ အာဇာနည်နေ့ ဆိုတာ ဘာလဲဟင်...

ဆရာ ။ ။ မင်းတို့မိဘတွေ ပြန်မေးကြည့်ပါကွယ်။

ကျောင်းသားက အိမ်သို့ရောက်သည့်အခါ မိခင်ဖြစ်သူအား ...

ကျောင်းသား ။ ။ မေမေ အာဇာနည်နေ့ဆိုတာ ဘာလဲဟင်...

မိခင် ။ ။ ကျောင်းက သားတို့ဆရာမကို မေးကြည့်ပါလား



ဟူသတည်း။

ထို့ကြောင့် အာဇာနည်နေ့ကို မေ့နေကြသူများ၊ အာဇာနည်နေ့ကို မသိကြသူများသည် သူတို့ငယ်စဉ်ကတည်းက အာဇာနည်နေ့ဆိုတာကို လူကြီးတွေကမှ မပြောခဲ့ကြ။ ဆရာ၊ ဆရာမတွေက မသင်ခဲ့သည့်အတွက် မသိကြ၍ သူတို့သား၊ သမီး၊ တပည့်တွေကို မသင်တတ်၊ မပြောတတ်ကြသည်မှာ လွန်စွာမှ ထူးဆန်းသည့်အရာတော့မဟုတ်ချေ။

သို့သော် ဘယ်သူကမှမပြော။ ဘယ်ဆရာတွေကမှ သင်သင်၊ မသင်သင် ကိုယ်ကတော့ သိထားသင့်၏။

ကိုယ့်တိုင်းပြည်အတွက် အသက်ပေးပြီး လွတ်လပ်ရေးရအောင် ယူဆောင်ပေးခဲ့ကြသည့် ခေါင်းဆောင်ကြီးတွေ ကျဆုံးရသည့် အာဇာနည်နေ့လို အချိန်အခါကို လေ့လာရှာဖွေ မှတ်သားရမည် ဖြစ်လေ၏။

သို့မှသာလျှင် ကိုယ့်မျိုးဆက်များကို သေချာပြောပြနိုင်မည် ဖြစ်၏။ ကိုယ့်မျိုးဆက်များကလည်း သူတို့၏ မျိုးဆက်များကို ပြန့်ပွားနိုင်မည် ဖြစ်လေ၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် လွန်စွာမှ ကံမကောင်းကြသူများ ဖြစ်ပြီး ကိုယ့်ဘဝကို ကိုယ်တိုင်ထူထောင်ခဲ့ကြရလေ၏။

ကျွန်ုပ်တို့၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရသော အာဇာနည်နေ့ကို ကိုယ့်မျိုးဆက်များကို ကျောင်းတွေမှာ မသင်ပေးသည့်အတွက် ကိုယ်တိုင်လေ့လာမှတ်သားကာ အာဇာနည်နေ့အကြောင်းများ ကို ပြောပြလိုက်ရလေတော့သတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# ကိုးယောက်ကသတ်လို့

## ကိုးယောက်သေရသည့် လူသတ်ပွဲကြီး

ဇူလိုင်လ (၁၉) ရက်နေ့သည် အာဇာနည်နေ့ပင်ဖြစ်လေ ၏။

ထို့ကြောင့် အာဇာနည်နေ့ကို မြန်မာတစ်ပြည်လုံးက မမေ့သင့်။ မေ့နိုင်ရန်အကြောင်းလည်းမရှိချေ။ မည်သို့ပင် အာဇာနည်နေ့ကို ဖျောက်ဖျက်ထားပေမယ့်လည်း အာဇာနည်နေ့သည် မြန်မာ့ရာဇဝင်သမိုင်း မှာ အထင်ကရရှိနေလေ၏။

မမေ့…သတိရ

ဇူလိုင်လ ၁၉ ရက်နေ့ ရောက်တိုင်း လူသတ်သမား ၉ ဦးနှင့် အသတ်ခံရသူ အာဇာနည် ၉ ဦးတို့အား မြန်မာပြည်လူထုက မမေ့ကြချေ။

ရှေးကလူကြီးများက မမေ့နိုင်၍ နောက်မျိုးဆက်သစ် လူငယ်လူရွယ် ကလေးများကိုလည်း လက်ဆင့်ကမ်းပြီး အာဇာနည်နေ့ကို မမေ့သင့်ရန် ပြောဆိုကြရမည် ဖြစ်လေ၏။

ကိုးယောက်ကသတ်လို့ ကိုးယောက်ကသေရတဲ့….

ကျွန်ုပ်တို့ငယ်စဉ်အခါက အာဇာနည်နေ့မတိုင်မီ တစ်ပတ် ၁၀ ရက်အလို ကတည်းက အာဇာနည်နေ့အကြို ဟောပြောပွဲများကို ကျောင်းတွေမှာ စာသင်ပေးကြသည့် ဆရာ၊ ဆရာမတွေက ကျောင်းသူကျောင်းသားများကို ဟောပြောကြသည့် အလေ့အထများ ရှိကြသဖြင့် ကျွန်ုပ်တို့မှာ သိခဲ့ရလေ၏။



သို့သော် ကျွန်ုပ်တို့၏ သားသမီး၊ တူး တူမများမှာမူ အာဇာနည်နေ့ ဆိုသည်မှာ အဆိုတော် R ဇာနည်၏မွေးနေ့ဟု ထင်ကြသည်မှာ လွန်စွာမှ ဝမ်းနည်းစရာကောင်းလှန်းနေ၏။

ကျွန်ုပ်ကျောင်းဆရာဘဝ ၉၀-ခုနှစ်ဝန်းကျင်က အာဇာနည်နေ့အကြောင်း ဟောပြောရာ တာဝန်ရှိသူများက တားမြစ်သဖြင့် ဟောပြောမှုကို ရပ်တန့် ခဲ့ရသော်လည်း ကျွန်ုပ်ရင်ထဲမှာ အာဇာနည်နေ့ဆိုတာ မေ့လို့မရ ထာဝရ သတိရနေလေ၏။

ကျွန်ုပ်တစ်ဦးတစ်ယောက်တည်း သတိရ၊ မေ့လို့မရ ဖြစ်နေယုံနှင့် မပြီး နောက်မျိုးဆက်များကိုလည်း ပြောရဦးမည် ဖြစ်လေ၏။

**တိုက်ဆိုင်မှု**

အသတ်ခံရသူ အာဇာနည်(၉)ဦးမှာ

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ သခင်မြ
၃။ ဦးဘဝင်း
၄။ ဦးဘချို
၅။ မန်းဘခိုင်
၆။ မိုင်းပွန်စော်ဘွားကြီး
၇။ ဦးရာဇတ်
၈။ ဦးအုန်းမောင်
၉။ ရဲဘော်ကိုထွေး တို့ဖြစ်ကြလေ၏။

လူသတ်သမား(၉)ဦးမှာ

၁။ ဦးစော
၂။ မောင်စိုး
၃။ သက်နှင်း

www.burmeseclassic.com

www.burmeseclassic.com



၄။ မောင်စိန်
၅။ ရန်ကြီးအောင်
၆။ သုခ
၇။ ခင်မောင်ရင်
၈။ ခောင်နီ
၉။ မှုကြီး တို့ဖြစ်ကြကုန်၏။

မကြာကောင်းမတိုက်ဆိုင်ကောင်းလွန်စွာမှထူးဆန်းတိုက် ဆိုင်ပုံမှာ တစ်ဘက်(၉)ဦးတွေနေခြင်းမှာ အံ့သြဖွယ်ရာပင် ဖြစ်လေတော့၏။

**လူဆန်းသူများ**

လူမဆန်သော လူသတ်ကောင်(၉)ဦးမှာ ဗိုလ်ချုပ်နှင့်တကွ အာဇာနည်(၈)ဦးကို နေရာလေးတစ်နေရာ (ကုလားထိုင်) လိုချင် စိတ်နှင့် လွန်စွာမှ ရက်ရက်စက်စက် လုပ်ကြံလိုက်ရသော်လည်း ထို(၉)ဦးကား နေရာတစ်နေရာတော့ ရသွားပါသည်။ ထိုနေရာ သည်ကား ငရဲပြည်က နေရာတစ်နေရာပင် ဖြစ်လေတော့၏။

ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မကောင်း တာ လုပ်သူများသည် မကောင်းတာဖြစ်မည်။

လူသားအချင်းချင်း ညှင်းပန်းမှုတွေသည် ယခုဘဝ မ ကောင်းသလို နောက်ဘဝတွေလည်း ကောင်းမည်မဟုတ်ကြောင်း (၁၉)ဇူလိုင် အာဇာနည်နေ့၏ သင်ခန်းစာယူတတ်လျှင်ရ၏။

"ဗုဒ္ဓဘာသာအရ...ဝဋ်မှာအမြဲ...ငရဲမှာအပ"

ဆိုသည့် စကားကို ဗုဒ္ဓဘာသာဝင်တိုင်း ခါးဝတ်ပုဆိုးဝတ်ထားသ လို မြဲနေရမည်ဖြစ်ကြောင်း တင်ပြလိုက်ရလေတော့သည်။

■ ဒေါ်အုန်းကြည်သား

# လူယုတ်မာ အာဏာရူး

ထိုနေ့က...မိုးအုံ့အုံ့...မိုးဖွဲဖွဲရွာလို့နေ၏။

ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အစည်းအဝေးခန်းမထဲတွင် တိုင်းပြည်ကိုချစ်သော ပုဂ္ဂိုလ်အချို့က (မကြာမီ လွတ်လပ်ရေးရ တော့မည့် "အောင်ဆန်းအက်တလီစာချုပ်"ကို လန်ဒန်မြို့တွင် ချုပ်ဆိုပြီးကာလ) တိုင်းပြည်အတွက် အစည်းအဝေးလုပ်နေကြစဉ်...

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်၊ စနေနေ့၊

နံနက် ၁၀ နာရီ၊ ၃၀ မိနစ်..(၁၀ နာရီခွဲ)၊

ဝန်ကြီးများရုံး အစည်းအဝေးခန်းမ။

မိုးကစိုစို၊ ကျိုးအုပ်ပြို၍...
ထိုမှ ဤမှ၊ ထိုလမ်းမတွင်...
ပုံ့ကြ ဝဲကြ၊ ငရဲထသို့...
အံ့ကြွမြည်အား၊ မသာယာကို...
ငါကြားခဲ့ မှတ်မိလေ၏။

ဇော်ဂျီ

သေနတ်သံများ ပေါက်ကွဲသံက ကျယ်လောင်လှလေ၏။

အစည်းအဝေးခန်းမထဲ၌ ငရဲပွက်သလို ကျယ်လောင်လှသည့် သေနတ်သံများနှင့်ထပ်တူ လူတွေ ပြိုလဲကျကုန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ အစည်းအဝေးခန်းမထဲမှာ သွေးအိုင်များနှင့် မြင်လို့မကောင်းအောင် လဲကျငြိမ်သက်လို့နေချိန်တွင် လူယုတ်မာတစ်စု ပြေးထွက်သွားကြလေတော့၏။

၄င်းတို့သည်ကား ယူနီဖောင်းဝတ် အမှတ်-၁၂ စစ်တပ်တံဆိပ်၊ ခြင်္သေ့တံဆိပ်နှင့် စုစုပေါင်း ၅ ယောက်။

၄င်းတို့သည် စစ်တပ်မှမဟုတ် "ဂဠုန်ဦးစော" ဆိုသည့် လူယုတ်မာ အာဏာရူးကြီး၏ နောက်လိုက်တစ်စုသည် ၈၀-၁၈၁၄ နံပါတ်တပ်ထားသည့် ဂျစ်ကားဖြင့် ဝန်ကြီးများရုံးသို့ ရောက်လာကြကုန်၏။

**အစည်းအဝေးပုံသဏ္ဍာန်**

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့က ဗိုလ်ချုပ်တို့ ဝန်ကြီးများရုံးတွင် အစည်းအဝေးလုပ်ကြသည့်အခါ…

ဗိုလ်ချုပ်က ဂငယ်ပုံသဏ္ဍာန် ခင်းထားသည့် စားပွဲရှည်ကြီးသုံးခုမှ ထိပ်ဆုံးရှိ စားပွဲရှည်၏ အလယ်တည့်တည့် သီးသန့်နေရာတွင် ထိုင်နေ၏။ လက်ဝဲဘက် စားပွဲရှည်ကြီးတွင် ဦးဘချမ်း၊ ဦးအောင်ဇံဝေ၊ မိုင်းပွန် စော်ဘွား စပ်စံထွန်း၊ ပျော်ဘွယ်ဦးမြတို့ ယှဉ်တွဲထိုင်နေကြ၏။

လက်ယာဘက်စားပွဲတွင် သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်းနှင့် မန်းဘခိုင် တို့ထိုင်ကြ၏။

> ထိုအစည်းအဝေးတွင် ဦးကျော်ငြိမ်း၊ ဦးဝမ်တိုဟော စောစံဖိုးသင်၊ ဆမား ဒူးဝါးဆင်ဝါးနော်င် တို့မှာ အစည်းအဝေးတွင် ပါသော်လည်း ထိုနေ့မှာ မရှိကြ၊ နိုင်ငံခြားသို့ ရောက်နေကြခြင်းဖြစ်လေ၏။
>
> ■ တာရေးသူ

# ငါ့မှာရန်သူမရှိ

သခင်အောင်ဆန်းပြည်သူ့ပန်းသည်…
ပွင့်လန်း၁၀၊ ကြွေလိုက်ရ၏။ ထော်ကို



အထက်ပါအစည်းအဝေးသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ(၂၃)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန် ဖြစ်သော်လည်း ဗိုလ်ချုပ်၏ အမိန့်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ(၁၉)ရက် စနေနေ့သို့ စောစီးစွာ ပြောင်းလွှဲ ကျင်းပခြင်း ဖြစ်ရလေ၏။ နံနက် ၁၀ နာရီနှင့် ၁၅ မိနစ်အချိန်တွင် ဗိုလ်ချုပ်တို့ အစည်းအဝေးကို စတင်ကျင်းပခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအစည်းအဝေးကို တက်ရောက်သူဝန်ကြီးများအနက် လမ်းပန်း၊ အဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာနဆိုင်ရာ ဝန်ကြီးဦးဘဂျမ်းနှင့် စက်မှုလက်မှု အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်တို့မှာ နေမကောင်းဖြစ်လို့နေကြ၏။

ဝန်ကြီးဦးဘဂျမ်းက တိုင်းပြည်အတွက် လွန်စွာမှအန္တရာယ်ကြီးကြီးမားမား ရှိနေပြီဖြစ်သည့်အတွက် သတင်းထူးပြောဆိုရန် ထိုအစည်းအဝေးသို့ တက်ရောက်ခြင်းဖြစ်လေ၏။

လမ်းပန်းဆက်သွယ်ရေးဌာန ဆွေးနွေးရန်အချိန်တွင် ထိုဌာနမှ အတွင်းဝန် ဦးအုန်းမောင်က လိုအပ်သည့်အချက်အလက်များ တင်ပြရန်ရောက်လာချိန်။ ထိုအချိန်ကား...၁၀နာရီ ..၃၀မိနစ်။

"ငါ့မှာ...ရန်သူမရှိ

ငါ့ကို...ပြည်သူက ချစ်သည်"

ရိုးသားစွာ ယုံကြည်ချက်ရှိသော ဗိုလ်ချုပ်အောင်ဆန်းအား ကိုယ့်ကိုမှုရာ လက်တစ်ဆုပ်စာ မသမာသူလူယုတ်မာ၏ လက်ချက်ဖြင့် ကျဆုံးရလေ၏။

ဦးဘဂျမ်း၊ ပျော်ဘွယ် ဦးမြ၊ ဦးအောင်ဇံဝေ၊ ဦးရွှေဘော်တို့မှာ လုပ်ကြံမှုမှ ပွတ်ကာသီကာ လွတ်မြောက်သွားကြ၏။

သေနတ်သံများကြားရသည့်အခါ ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့က ကြမ်းပြင်မှာ ဝပ်ချလိုက်ပြီး ရှောင်ခဲ့ကြ၏။ ဦးဘဂျမ်းမှာမူ သေနတ်ဒဏ်ရာနှစ်ချက် ရှပ်ထိသွားခဲ့လေ၏။

ဦးရွှေဘော်နှင့် ဦးမြတို့မှာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးလွတ်မြောက်သွားကြရာ ဦးဘဂျမ်းမှုကား သေနတ်ဒဏ်ရာနှစ်ချက် ရှပ်ထိသွားခဲ့လေ၏။

မှိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းက ဦးခေါင်းတွင် ဒဏ်ရာနှစ်ချက်ရပြီး ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၊ တနင်္ဂနွေနေ့ နေ့လယ်တွင် ကျဆုံးသွားလေ၏။ ဆရာကြီး ဦးရာဇတ်မှာ ဒဏ်ရာ ၆ ချက်ဖြင့် ထိုနေရာ၌ပင် ကျဆုံးသွားခဲ့လေ၏။



အစည်းအဝေးတွင် မပါခဲ့သော်လည်း ဦးအုန်းမောင်(အတွင်းဝန်) ရဲဘော်ကိုထွေး(ဦးရာဇတ်၏ သက်တော်စောင့်)မှာလည်း မှုးတွဲထွေးမုံးခဲ့ ရလေ၏။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးချိန်မှာ ဗိုလ်ချုပ်၏ အသက်ကား ၃၃ နှစ်မျှသာ ရှိသေး၏။

ငှင်းတို့ကံကောင်းသည်က ဂဠုန်ဦးစော ခိုင်းသည့်လူတစ်စုက ဗိုလ်ချုပ်အား အဓိကပစ်မှတ်ထားသည့်အတွက်ပင် ဖြစ်လေ၏။

## ဆေးမှတ်တမ်းစစ်ချက်

ဗိုလ်ချုပ်အောင်ဆန်းသည် သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် ထိုနေရာ၌ ပွဲချင်းပြီး ကျဆုံးသွားလေ၏။

လူသတ်သမားတို့နှင့် အနီးဆုံးဖြစ်သူ မန်းဘခိုင်က သေနတ်ဒဏ်ရာ ၁၅ ချက် ထိမှန်ပြီး ပွဲချင်းပြီး ထိုနေရာ၌ ကျဆုံးလေ၏။

ဦးဘဝင်းကား သေနတ်ဒဏ်ရာ ၈ ချက်ရပြီး ထိုနေရာ၌ပင် ကျဆုံးပြန်၏။

သခင်မြကား တော်မီဂန်းကျည်ဆန်တစ်ချက်တည်းဖြင့် အဆုတ်ကို အမှွေခံရပြီး ထိုနေရာ၌ပင် ကျဆုံးသွားလေ၏။

ထိုနေ့မှာပင် ဆရာကြီးဒီးဒုတ်ဦးဘချိုကား ဒဏ်ရာ ၅ ချက်ရပြီး ဆေးရုံကြီးတွင် ခွဲစိတ်ကုသရာ သုံးမိနစ်အကြာမှာပင် ကျဆုံးသွားလေ၏။

## သက်သေ

အကြံပက်စက်သည့် ဂဠုန်ဦးစောတို့အား ၁၉၄၇ ခုနှစ် ဇူလိုင်လ(၁၉)ရက်နေ့မှာပင် ချက်ချင်း သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့၏။

ချက်ချင်းပင် ခုံရုံးဖွဲ့ကာ စစ်ဆေး၏။

တရားခံ ဦးစောဘက်မှ သက်သေပေါင်း (၁၃၁)ဦး တင် သွင်းခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



အစိုးရက(၇၈)ဦးကိုသာ စစ်ဆေးခဲ့လေ၏။


ဂဠုန်ဦးစော၏ သက်သေစာရင်းတွင် အဓိကပါဝင်သူ နှစ် ဦးမှာကား သခင်ဗစိန်နှင့် ဒေါက်တာဘမော်တို့ ဖြစ်ကြကုန်၏။

---

**သခင်ဗစိန်ဆိုသူကား ဦးစောနှင့်အတူ လန်ဒန်မြို့တွင် "အောင်ဆန်း အက်တလီ" စာချုပ်အား လက်မှတ်မထိုးသူဖြစ်၏။**

■ စာရေးသူ

---




# ဖေါ်ကောင်ဘညွန့်

နိုင်ငံတော်လုပ်ကြံမှုကြီး၏အမှုက ထင်ရှားခြင်းမက ထင်ရှားခဲ့ခြင်းက ဘညွန့်ဆိုသူကြောင့်ပင် ဖြစ်လေ၏။

ထိုသို့ ဖြစ်ရခြင်းအကြောင်းရင်းက ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံမှုတွင် ဂဠုန်ဦးစောဆိုသူမှာ လီဆယ်ဖန်တီးမှုများဖြစ်လာကာ တပည့်များနှင့် အလိုလိုစိတ်ဝမ်းကွဲကြကုန်၏။

ထို့ကြောင့် ဂဠုန်ဦးစော၏ တပည့်ဖြစ်သူ ဘညွန့်ဆိုသူမှာ အစိုးရ သက်သေအဖြစ် ဖော်ကောင်လုပ်ခဲ့လေတော့၏။

ဤသို့ဖြင့် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် နောက်ဆုံး စီရင်ချက်ကိုချမှတ်ပြီး ထိုစီရင်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး ခုံရုံးသဘာပတိ ဟိုက်ကုတ်တရားသူကြီး ဦးကျော်မြင့်က တစ်နာရီကြာမျှ ဖတ်ကြားခဲ့ရလေ၏။

ထိုစီရင်ချက်များကား··········

ရာဇသတ် ပုဒ်မ ၃၀၂(၁)(ခ) အပိုဒ်(၃၄)အရ ပြစ်မှုထင်ရှား ကျူးလွန်သည့်တရားခံ သက်နှင်း၊ မောင်စိုး၊ စိန်ကြီး၊ ရန်ကြီးအောင်တို့ အား လည်ပင်းကြိုးကွင်းစွပ် မသေမချင်းသတ်ရန်။

ရာဇသတ် ပုဒ်မ ၃၀၂(၁)(ခ) အပိုဒ်(၁၀၉)အရ ပြစ်မှုထင်ရှားသော ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မှုံကြီးတို့အား သေစားသေရန် အမိန့်ချမှတ် လိုက်လေ၏။

သို့သော်အယူခံဝင်ကြသည့်အခါ မောင်နီ၊ သုခနှင့် ခင်မောင်ရင် တို့သုံးဦးသာ သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ် ခံစားရန် ပြင်ဆင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘည္ဘနံ့ဆိုသူမှာ ဖော်ကောင်လုပ်သဖြင့် အစိုးရသက်သေ ဖြစ်သွားကာ အမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်သွားလေတော့သတည်း။

**လုပ်ကြံမှုတရားခံများ စစ်ဆေးခဲ့စဉ် ထောင်ထဲသို့အဝင် ဤသို့...**

ထောင်ထဲသို့သွားရမည်ဆိုလျှင် လိုက်လိုသူနည်းလှ၏။ လူတစ်ရာလျှင် ကိုးဆယ့်ကိုးယောက် ခွဲဝင်လိုကြမည်မဟုတ်ပေ။ တကယ် ထောင်ထဲသို့ ဝင်ချင်သောအခါ ထောင်လက်ခံမည်ဟု မယူဆသင့်ပေ။ ကိုယ်တွေ့ကိုပြောရမည်ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးသခင်မြ၊ ဝန်ကြီးဦးဘဝင်း၊ ဝန်ကြီးဦးဘချို၊ ဝန်ကြီးမန်းဘခိုင်၊ ဝန်ကြီးဦးရာဇတ်၊ မိုင်းပွန်စော်ဘွား၊ အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့်ကိုထွေးတို့ကို ဇူလိုင် ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် အတွင်းရုံးကြီး၌ သတ်ဖြတ်သွားသော လုပ်ကြံမှုကြီးကို အင်းစိန်ထောင်ကြီး၌ ပထမစတင် စစ်ဆေးမည့် အောက်တိုဘာ ၈ ရက် ဗုဒ္ဓဟူးနေ့ကျမှ ထောင်ထဲသို့ဝင်ဖို့မလွယ်ကူကြောင်း တွေ့ရပေမည်။

**ပုလိပ်များ စောင့်ကြပ်နေခြင်း**

ထိုနေ့က ထောင်ကြီးဗူးဝသို့သွားဖို့မဆိုထားနှင့် လှိုင်မြစ်လမ်းနှင့် ထောင်လမ်းထောင့်တွင် လက်နက်ကိုင်ပုလိပ်များ စောင့်ကြပ်နေကြသဖြင့် ထောင်လမ်းဘက်သို့ သွားလိုသော် တရားဌာနအတွင်းဝန်က ထုတ်ပေးထားသော လက်မှတ်ရှိသူများသာ ဝင်ခွင့်ပြု၏။ ကားများအတွက် လက်ထောက်ပုလိပ်မင်းကြီး ထုတ်ပေးသော လက်မှတ်ကပ်ထားသော ကားများသာ ထောင်ဗူးဝအထိ မောင်းခွင့်ပြုလေသည်။

**တစ်ဦးစီရှာဖွေခြင်း**

နံနက်ကိုးနာရီခွဲတွင် နိုင်ငံခြားမှ သတင်းစာကိုယ်စားလှယ်များနှင့်တကွ ဗမာပြည်ရှိ သတင်းစာကိုယ်စားလှယ်တို့သည် စုရုံးရောက်ရှိ၍



ဗူးဝအတွင်းသို့ဝင်ကြလေလျှင် တစ်ဦးစီတစ်ဦးစီ ရှာဖွေခြင်းပြုတော့သည်။ ကင်မရာ၊ ဓါတ်ပုံကို ယူခွင့်မပြုချေ။ ထောင်မှူး၏အခန်း၌ ပထမတရားခံဦးစော၏ ဇနီးဒေါ်သန်းခင်၊ သမီးဘောဘီစောနှင့် ယောက္ခမ ဦးလှူကလေးတို့ကို တွေ့ရသည်။

**ဝမ်းနည်းသော အထိမ်းအမှတ်သဘော**

၎င်းတို့အား အမျိုးသမီးပုလိပ်ရာဇဝတ်အုပ်တစ်ဦးက စောင့်လာဟန်တူသည်။ ဒေါ်သန်းခင်နှင့် ဘောဘီစောတို့မှာ ခေါင်းကို ဖြီးထားသော်လည်း မျက်နှာမှာပေါင်ဒါပင် လိမ်းထားခြင်းမရှိကြပေ။ ဝမ်းနည်းသော အထိမ်းအမှတ်သဘောဖြစ်၏။

**ထုံးဖြူနှင့် ဆေးနီသုတ်ထားခြင်း**

အင်းစိန်ထောင်ကြီးအတွင်း၌ အထူးသီးသန့်ပြီး ခုံတရားသူကြီးရုံးလုပ်မည့်အဆောက်အဦမှာ လက်ယာဘက် တံတိုင်းနှစ်ခုကြားရှိ နှစ်ထပ်တိုက်ပင်ဖြစ်၏။ ထုံးဖြူနှင့်ဆေးနီများသုတ်ထား၏။ ခုံရုံးလုပ်သော အထက်တိုက်၌ မျက်နှာကြက်တွင် ဆေးနီသုတ်၍ ပန်ကာနှင့် ဓါတ်မီးများ တပ်ထားသည်။ တရားသူကြီးများ၏ စင်မြင့်ရှေ့တွင် အမှုလိုက်ရှေ့နေများကို နေရာချထားပေး၏။ ထိုနေ့က အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူ၊ အင်းစိန်အစိုးရ ရှေ့နေမစ္စတာချွန်မောင်နှင့် လက်ထောက်ရုံး အမှုလိုက်ရှေ့နေ ဝတ်လုံဦးမြသိန်းတို့ တက်ရောက်ကြသည်။ ဦးမြင့်သိန်းကိုလည်း ရှေ့နေများနေရာ၌ မြင်ရသည်။

**နာရီပျက်မှုတစ်ပါး**

ခုံရုံးရှိ တိုင်ကပ်နာရီကြီးမှာ ပျက်နေဟန်တူ၏။ ကိုးနာရီခွဲ ထိုးသံကြားစ၍ နာရီလက်တံမတက်ဘဲနေသည်ကို တွေ့ရ၏။ ထိုနာရီပျက်မှုတစ်ခုမှ အားလုံးသပ်သပ်ရပ်ရပ် အဆင်ပြေလှ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကုလားထိုင်များ တစ်ရာခန့်

ဒည့်သည်များအတွက် ကုလားထိုင်ပေါင်းတစ်ရာခန့်မျှ ချထားသည်။ နှစ်ဆယ်လောက်မှာ လူရှိ၏။ ဧည့်သည်ထဲတွင် (ရျ)နံပါတ်တပ်မှ မေဂျာတစ်ယောက် လာရောက်မှတ်သားနေသည်ကို တွေ့ရ၏။ ဦးစော၏ ဇနီး ဒေါ်သန်းခင်၊ သမီးဘောဘီစော၊ ယောက္ခမ ဦးလှကလေးတို့ကိုလည်း တွေ့ရ၏။



လုပ်ကြံမှုတရားခံများ

## လက်ထိပ်ခတ်လျက်ခေါ်လာ၏

ခုံရုံးအောက်တစ်ဝိုက်တွင် လက်နက်ကိုင်ပုလိပ်များစောင့်၍ သံဆူးကြိုးများ ကာရံထားလေသည်။ ပတ်ဝန်းကျင်ကား ငြိမ်သက်ချေ၏။ တရားခံများကို တစ်ဦးစီတစ်ဦးစီ လက်နက်ကိုင်ပုလိပ်များ စောင့်ရှောက်ကာ ရုံးခန်းသို့ဝင်လာသည်။ ရှေးဦးစွာ ပန်းရောင်ပုဆိုး၊ အင်္ကျီလက်တိုနှင့် လူငယ်ငယ် ရန်ကြီးအောင်ဆိုသူကို လက်ထိပ်ခတ်လျှက်ခေါ်လာတော့၏။ နောက်တစ်ခါ ပလေကပ်လုံချည်၊ ရှပ်လက်ရှည်နှင့် စိန်ကြီး(ခေါ်)မောင်စိန်ကို ခေါ်ယူလာ၏။ ဒုတိယအသုတ်တွင် ဆွယ်တာအင်္ကျီလက်ပြတ်နှင့် မောင်နီ(ခေါ်)ဂနီကို ခေါ်ယူလာရာ ဦးစော၏ဇနီးဒေါ်သန်းခင်က ပြုံးပြ၏။ သို့သော်လည်း မောင်နီ(ခေါ်)ဂနီက လှည့်သွား၏။ ပြန်၍ မပြုံးချေ။



## ဂျာကင်အင်္ကျီနှင့်

သနားကမားမျက်နှာနှင့် ယခင်ဂျပန်လက်ထက်က စီးပွားရေးပုလိပ်အဖွဲ့တွင် ရာဇဝတ်အုပ်လုပ်ဖူးခဲ့သူ ခင်မောင်ရင်အား ပုလိပ်များက အထက်ပါအတိုင်းခေါ်သွင်းလာ၏။ ဂျာကင်(အင်္ကျီ)နှင့် သုခ(ကျိုက်လတ်)ကို ခေါ်လာ၏။

## ပြုံးပြုံးရွှင်ရွှင်နှင့်ပင်

ငှင်းနောက် သက်နှင်း၊ မောင်စိုးနှင့် မှုံကြီးတို့ကို သုံးယောက်ပူး လက်ထိပ်ခတ်ကာ ခေါ်ယူလာရာ ပြုံးပြုံးရွှင်ရွှင်နှင့် ဒေါ်သန်းခင်တို့ကို လှည့်၍ပြုံးပြကြသေးသည်။ မှုံကြီးကားလက်ယာဘက် လက်တစ်ပိုင်းပြတ်နေသူဖြစ်၏။

## ပထမတရားခံဦးစော

နောက်ဆုံး ပုလိပ်များ၏ အစောင့်အရှောက်နှင့်ဝင်လာသူမှာ ပထမတရားခံဦးစောဖြစ်၏။ ဦးစောကား ခေသူမဟုတ်။ သူ့အား လက်ထိပ်မခတ်ဘဲ ခေါ်လာခြင်းခံရသူဖြစ်သည်။ ဦးစောသည် မျက်မှန်နက်ကိုတပ်ဆင်လျက် ဘန်ကောက်လုံချည်စိမ်း၊ သက္ကလပ် မီးခိုးရောင်အင်္ကျီနှင့် ဝင်လာသည်။ ယခင်က ဝန်ကြီးချုပ်ဟန် အမူအရာမပျက် ခပ်တည်တည်လက်လွှဲလျက် လှမ်းလာရင်း ဒေါ်သန်းခင်တို့ဘက် ရောက်သောအခါ အသံထွက်အောင် ပြုံးရယ်ကာ နှုတ်ဆက်လေသည်။ ယောက္ခမကြီးမှမကျန် ပြုံးလျက် လှည့်ကြည့်ရလေသည်။

## လက်တန်းနှင့် ကုလားထိုင်ကြီး

ဦးစောမှာ ဝက်ခြံထဲ၌ထားမည်ဟု ထင်မိဟန်မတူပါ။ [illegible]များရှိရာသို့ သွားမည်ဟုပြု၏။ ပုလိပ်အရာရှိများက အခြားအ[illegible] တရားခံ ၈ ဦးထိုင်နေသော ဝက်ခြံသို့လက်ညှိုးထိုးပြီးပြတော့မှ ဦးစော လှည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝင်လေတော့သည်။ သို့သော် ဦးစောကားခေသူမဟုတ်။ လက်တန်းနှင့် ကုလားထိုင်ကြီး တစ်လုံးသပ်သပ် လက်ယာဘက်တွင် ထိုင်ရသူဖြစ်၏။

## ဦးစောနှင့်တရားခံရှစ်ဦး

ဦးစောသည် အဖေါ်တရားခံ ရှစ်ဦး(လေးယောက်တစ်တန်း တန်းလျားမှာ ထိုင်နေရသည်။) ကြားမှဝင်လာသောအခါ တရားခံ ရှစ်ဦးစလုံး မတ်တပ်ရပ်ကာ အရိုအသေပြုကြလေ၏။



စိန်ကြီး

## ခုံတရားသူကြီးအဖွဲ့

ဤကဲ့သို့ တရားခံကိုးဦးကို အစောင့်အကြပ်နှင့် ခုံရုံးသို့ ယူလာရသည်မှာ တစ်နာရီနီးနီးကြာ၏။ တရားခံကိုးဦးစုံလျှင် နံနက် ဆယ့်တစ်နာရီ ငါးမိနစ်အချိန်တွင် ခုံသတရားသူကြီးအဖွဲ့ဥက္ကဋ္ဌ တရားဝန်ကြီး ဦးကျော်မြင့်၊ စက်ရှင်တရားသကြီး ဦးစိဘူး၊ စက်ရှင်တရားသူကြီး ဦးအောင်သာကျော် တို့ ရုံးတက်လာကြသောအခါ တရားခံများပါမကျန် အားလုံးမတ်ရပ်



ထကြသည်။ ဘညွန့်သည် အစိုးရသက်သေဖြစ်သွား၍ တရားခံစာရင်းတွင် မပါတော့ချေ။

## ပြုပြင်မပေးနိုင်လျှင်

ခုံရုံးတရားသူကြီးအဖွဲ့ဥက္ကဋ္ဌဦးကျော်မြင့်က အမှုကိုမစမီ ကန့်ကွက်ချင်သောတစ်ချက်မှာ တရားခံများအား ရုံးသို့ခေါ်ရခြင်းမှာ ဤမျှကြန့်ကြာခြင်းဖြစ်သည့်အတွက် ဆိုင်ရာတို့အား ကျွန်ုပ်က ကန့်ကွက်ခြင်းပြုကြောင်း ရုံးချိန်မှာ နံနက်ဆယ်နာရီမှ တစ်နာရီ သတ်မှတ်ထားကြောင်း၊ ဤကဲ့သို့ ကြန့်ကြာနေလျှင် အချိန်မီစစ်ဆေးနိုင်မည်မဟုတ်။ သို့ကြောင့်တရားခံများကို ထုတ်ပေးရာ၌ အချိန်မကုန်အောင် ပြုပြင်ပေးနိုင်ပါက ရန်ကုန်မှာပင် ခုံရုံးထိုင်လိုကြောင်း။

## ပြုပြင်ရန်စီစဉ်ပါမည်

အစိုးရရှေ့နေချုပ်ကြီး။ ဤကိစ္စကိုဆိုင်ရာတို့အား အကြောင်းကြားပြီး ပြုပြင်ပေးဖို့ စီစဉ်ပါမည်ဟု ပြောကြောင်း။

ထို့နောက် ဆက်လက်၍ယခုအမှုတွင် ဦးစောကခုခံရန် ရှေ့နေ မရှိသေး၍ ရက်ရွှေ့ဆိုင်းရန် လျှောက်ပါသည်။

ဥက္ကဋ္ဌ။ ဦးစောအပြင် အခြားတရားခံများအတွက် ရှေ့နေရပြီလား။

## ဦးစော၏အချက်(၂)ချက်

*ဦးစော* - ရှေ့နေလိုက်ဖို့ကိစ္စတွင် ပြောစရာ ၂ ချက် ရှိပါတယ်။ (၁) တရားလိုအစိုးရရဲ့ စွဲချက်အရဆိုရင် တရားခံ ၁၀ ယောက်စလုံးဟာ အမှုထဲမှာ တာဝန်ရှိနေကြတယ်ဆိုပြီး အတူတူဖြစ်နေကြတယ်။ (၂)အချက်မှာ အစိုးရက ရှေ့နေငှားပေးမယ်ဆိုတာ လမ်းကျပါတယ်။ ဒါပေမယ့် ရှေ့နေဆိုတာ တရားခံလွတ်အောင်လိုက်မယ့်ရှေ့နေကို ရမယ်ဆိုရင်ရမယ်။ ကျအောင် လိုက်တဲ့ ရှေ့နေကိုငှားပေးမယ်ဆိုရင် ခက်တယ်။ ခုအခြေအနေတွေက ရှေ့နေ

www.burmeseclassic.com

www.burmeseclassic.com



တွေ ဟာ ကြောက်ရွံ့နေပါတယ်။ အစိုးရနဲ့ပက်သက်တဲ့ ရှေ့နေကလိုက်ရင် မတော်တရော်ဖြစ်မှာ စိုးရပါတယ်။ ရှေ့နေကို အစိုးရကြိုက်တဲ့ ရှေ့နေကို ငှားပေးမှာလား။ တရားခံကြိုက်တဲ့ ရှေ့နေကို ငှားမှာလား။

**ရှေ့နေဘဝက နန်းရင်းဝန်ဖြစ်လာတာပဲ**

*ဥက္ကဋ္ဌ (ဦးကျော်မြင့်)* - တရားခံမှန်သမျှ တတ်နိုင်ရင် သူတို့လိုလားတဲ့ရှေ့နေကို အစိုးရကငှားပေးမယ်ဆိုတာ ဦးစောနားလည်ပါလိမ့်မယ်။ ရှေ့နေဘဝက နန်းရင်းဝန်ဖြစ်လာတာပဲ။ ရှေ့နေဟာ အမျိုးမျိုးရှိပါတယ်။ ကျွန်တော်တို့သည် လွန်ခဲ့သောလ ၁၄ ရက်က ရှေ့နေငှားပေးဖို့ အဆိုနဲ့ချခဲ့ပါတယ်။ ရှေ့နေလိုက်မည့်သူကို စုံစမ်းကြည့်တော့ ရှေ့နေအသင်းတွေက မလိုက်ချင်ကြဘူးလို့ သိရပါတယ်။ အပြင်က ရှေ့နေတွေမလိုက်ချင်တာက အစိုးရပေးတဲ့နှုန်းထားကို မကြိုက်လို့ဖြစ်တယ်။ အစိုးရရှေ့နေခ ပထမနေ့ ၇၅ ကျပ်၊ နောက်နေ့များ တစ်နေ့လျှင် ၅၀ ကျပ်၊ ဒီတော့ ရှေ့နေများ၏ စေတနာကို ဦးစောအကဲခတ်ကြည့်ပါ။ ဦးစောက ဘယ်သူ့ကို လိုက်စေချင်တယ်ဆိုရင် ငှားပေးပါမယ်။ နှုန်းထားကို တိုးပေး ဖို့က အစိုးရနဲ့ဆိုင်ပါတယ်။

**အကဲခတ်ကြည့်ရတော့**

*ဦးစော* - ရှေ့နေတွေကို အကဲခတ်ကြည့်ရတော့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေကတောင် ကြောက်နေကြတယ်။ သူတို့က ဒီအမှုမှာလိုက်ရင် အိမ်ကိုမီးရှို့ခံရမယ်လို့ထင်နေကြတာကို အကဲခတ်မိပါတယ်။ ယခုအမှုမှာ တပူးတပေါင်းတည်းတာဝန်ရှိကြလေတော့ ကျွန်တော့်အတွက် ဘိလပ်မှ ဝတ်လုံတော်ရကြီးတစ်ယောက်ကို ငှားဖို့စီစဉ်ထားပါတယ်။ ဗမာပြည်က ဆိုရင် ဦးစံဝင်း၊ ဦးသူငယ်တို့နှင့်အတူ အမှုခုခံရေးအဖွဲ့ဆိုပြီး လူနည်းနည်းနဲ့ ဖွဲ့ပြီး လိုက်ဖို့ခွင့်ပြုမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။



**လွှတ်တော်စာရင်းမှာမပါတဲ့ရှေ့နေ**

*ဥက္ကဋ္ဌ(ဦးကျော်မြင့်)* - စကားကို ဖြတ်ပြီးပြောပါမယ်။ ကျွန်တော်တို့ရဲ့ ခုံရုံးဟာ စက်ရှင်နဲ့တန်းတူပါ။ လွှတ်တော်ကို တင်ရပါမယ်။ လွှတ်တော်စာရင်းမှာ မပါတဲ့ရှေ့နေကိုလိုက်ဖို့ အခွင့်မပေးနိုင်ပါ။ ဟိုက်ကုတ်လွှတ်တော်ကသာ အခွင့်ပေးနိုင်ပါတယ်။ သို့အတွက် လွှတ်တော်စာရင်းတွင် မပါသော ဝတ်လုံတော်ရအား အမှုလိုက်နိုင်ခွင့်ကို လွှတ်တော်သို့လျှောက်ရပါမယ်။ ယခု စုံစမ်းရုံသာရှိပါသေးတယ်။ အမှုကိုစစ်ဆေးတဲ့အခါကျမှ ရှေ့နေလိုပါလိမ့်မယ်။ ထိုအခါ တတ်နိုင်သမျှလုပ်ပေးပါမယ်။

ဦးစော၏ ပိုက်ကွန်၌မိခဲ့ရသော သုခ



**ဘိလပ်ကသံကြိုးရပါတယ်**

*ဦးစော* - ကျေးဇူးတင်ပါတယ်။ ဘိလပ်ကသံကြိုးလာပါတယ်။ ဗာတာနစ်ဟာ ယနေ့ပဲထွက်လာပြီမို့ ၁၄ ရက်လောက် ရောက်မယ်ထင်ပါတယ်။ ဒီတော့အမှုတွဲကို ကူးပြီး ကော်ပီမြန်မြန်ရရင် ဘိလပ်ကိုပြန်ပို့ပြီး ဘိလပ်က ဝတ်လုံကြီးနဲ့တိုင်ပင် သူ့ထံက ဩဝါဒကို တောင်းရပါမယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**လေယာဉ်ပျံနဲ့ပို့ရင် မဖြစ်နိုင်ဘူးလား**

*ဥက္ကဋ္ဌ* - ရုံးတော်မှာရှိတဲ့စက္ကူတွေကို ပေးရန်ရှိပါတယ်။ ၁၄ ရက် ပေးရင် ၁၅ ရက် ၁၆ ရက်လောက်မှာ လေယာဉ်ပျံနဲ့ပို့ရင် မဖြစ်နိုင်ဘူးလား။

*ဦးစော* - ရှေ့ကလိုဆိုရင် မခက်ပါဘူး။ ရှေ့နေလိုက်ရမှာ ကြောက်နေကြတယ်။ ဘီလပ်က ဝတ်လုံကိုခေါ်ပြီး သေသေချာချာ စီစဉ်မယ်ဆိုရင် ကောင်းပါတယ်။

*ဥက္ကဋ္ဌ* - ရှေ့နေအားလုံးအတွက်ဆိုရင် ဒီကြောက်တယ်ဆိုတဲ့စကားဟာ မဟုတ်ပါဘူး။

*ဦးစော* - အစိုးရနဲ့ပက်သက်တဲ့ ရှေ့နေကိုကဗွားဝံ့လို့ပါ။ ရတဲ့ ရှေ့နေ ကလဲ ကြောက်ရွံ့နေတယ်။

ဒီလလောက်မှာစစ်ဖြစ်တော့မယ်

*ဦးစော* - အောက်တိုဘာ ၁၅ ရက်လောက် ရွှေ့ပေးမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။

*ဥက္ကဋ္ဌ* - ဗာတာနှစ်က အင်္ဂါနေ့မှ ရောက်မယ်ဆိုရင် သူနဲ့ပဲ စခန်းသွားဖို့ လုပ်ရင်ကောင်းမယ်။ ဘီလပ်က ဝတ်လုံလာရင် စစ်ပြီးသား သက်သေတွေကို ပြန်ခေါ်ပြီး စစ်ဆေးမေးမြန်းနိုင်ပါတယ်။ ဘီလပ်ကဝတ်လုံကော သေချာသလား။

**အမှုကို ရက်ရွှေ့ပေးမယ်**

*ဦးစော* - ဘီလပ်က ဝတ်လုံတော်လာမှာ အမှန်ပါ။

*ဥက္ကဋ္ဌ* - အမှုကို ၁၄ ရက်လောက် ရွှေ့ပေးမယ်။ နောက် ရွှေ့သင့်သေးတယ်ဆိုရင် နောက်တစ်ထောက်ပေါ့။

*ဦးစော* - သဘောတူပါတယ်။

**အခြားတရားခံတွေကကော**

*ဥက္ကဋ္ဌ* - အခြားတရားခံတွေကကော။



(တရားခံတစ်ဦးစီအမည်ခေါ်ပြီးမေးရာ အသောတူကြောင်း ပြောကြသည်)

*ဦးစော* - ဘညွန့်အတွက်ကော။

*ဥက္ကဋ္ဌ* - ဘညွန့်အတွက် မေးစရာမလိုပါ။ တစ်မျိုးဖြစ်နေပါတယ်။

*ဦးစော* - ဘယ်လိုတစ်မျိုးဆိုတာ သိပါရစေ။

*ဥက္ကဋ္ဌ* - အစိုးရရှေ့နေချုပ်ကြီးအား ပြောစေရာဘညွန့်သည် အစိုးရ သက်သေဖြစ်ပါမယ်။ သို့အတွက် တရားခံများစာရင်းတွင် မထည့်ပါ။

**ဘညွန့်အတွက်ရှေ့နေငှားရန်မလို**

*ဥက္ကဋ္ဌ* - သို့အတွက် "ဘညွန့်" အတွက် ရှေ့နေငှားရန်မလိုပါ။

*ဦးစော* - တစ်ခုတိုင်ပါရစေ။ ကျွန်တော်တို့ဟာ ရှေ့နေနဲ့ တရားခံ တွေ ဆုံရတာဟာ ပုလိပ်အမြဲရှိတယ်။ ဘယ်လို လွတ်လွတ်လပ်လပ် ပြောနိုင်မှာလဲ။ သက်သေခံဥပဒေ ပုဒ်မ(၂၆)အရ ကျွန်တော်တို့ဟာ လွတ်လွတ်လပ်လပ် တိုင်ပင်လိုပါတယ်။ အမိန့်ချပေးပါ။ တတ်နိုင် သလောက်လုပ်ပေးပါမယ်။

*ဥက္ကဋ္ဌ* - ဒီကိစ္စက ရုံးတာဝန်မဟုတ်ပါဘူး။ သို့သော် ဆိုင်ရာသို့ အကြောင်းကြားပေးပါ့မယ်။ ယခုအခါမှာတစ်မျိုးဖြစ်နေပါတယ်။ ကျွန်တော့်အိမ်မှာတောင် ရဲဘော် ၁၁ ယောက် ချပေးထားလို့ ထမင်း ကျွေးရတာအတော် တာဝန်ကြီးနေပါတယ်။အစောင့်အရှောက်ပေးစေလိုရင် လည် ပေးအောင် တတ်နိုင်သလောက် လုပ်ပေးပါ့မယ်။ ဒီအမှုကို အောက်တိုဘာ ၁၅ ရက်သို့ ရွှေ့ပါမယ်။ အစိုးရရှေ့နေချုပ်ကြီး သဘော တူပါသလား ကန့်ကွက်စရာမရှိပါ။

www.burmeseclassic.com



**အစိုးရက ငှားပေးမယ်ဆိုရင်**

ဥက္ကဋ္ဌကြီး ဦးကျော်မြင့်က ရက်ချိန်းပေးရသော အမိန့်ကို ရေးနေစဉ်၊ ဦးစောက ထ၍ …

သာယာဝတီက ဦးစံဝင်း၊ ကြို့ပင်ကောက်က ဦးသိန်းကျော်တို့ကို အစိုးရက ငှားပေးမယ်ဆိုရင် သူတို့က အဆင်သင့်ပါပဲ။ ဦးသူငယ်ကို လည်း မေးကြည့်စေလိုပါတယ်။

*ဥက္ကဋ္ဌ* - ရှေ့နေတွေ လာလို့ရှိရင် တရားခံအားလုံးအတွက် လိုက်ပါ မလားလို့ အစိုးရရှေ့နေချုပ်ကြီးက သိလိုပါတယ်။

***ဦးစော*** - လိုက်ပါလိမ့်မယ်။ သဘောတူသောတရားခံများ ရှေ့နေချုပ်ကြီး ၏ အကြံပေးချက်အတိုင်း ဥက္ကဋ္ဌက တရားခံအားလုံးအား တစ်ဦးစီ မေးသည်မှာ …

ဦးစောက ငှားပေးသော ရှေ့နေများကို မိမိတို့အဖို့လိုက်ရန် သဘောတူ၊ မတူ။

သဘောတူသောတရားခံများ

၁။ ရန်ကြီးအောင်

၂။ သက်နှင်း

၃။ မောင်စိုး

၄။ မှုံကြီး

သုခက တခြားရှေ့နေလိုတယ်၊ ငှားပေးပါဆိုတယ်။ ဦးစော၏ ရှေ့နေ မလိုချင်။

ဦးစော၏ ရှေ့နေမလိုသော တရားခံများမှာ …

၁။ ခင်မောင်ရင်

၂။ မောင်နီ(ခေါ်)ဂနီ

၃။ မောင်စိန်

*ဦးစော* - အဲဒီလို ဖြစ်နေတာသာကြည့်ပါ။ ဒီအမှုမှာ ရုံးတော်က အပြစ်ရှိတယ်ဆိုရင် အားလုံးအတွက် ကျွန်တော်တစ်ယောက်ထဲကခံမယ်။

*တရားသူကြီးတစ်ယောက်* - မဆိုင်သေးပါဘူး။

*ဦးစော* - တရားခံတွေကို ဘယ်လိုလုပ်မယ်မသိပါ။ လူချင်းခွဲပြီး နှိပ်စက်တယ်လို့ ဘုရင်ခံထံစာတင်ထားပါတယ်။ သူတို့နဲ့ တိုင်ပင်ခွင့် ပေးပါလို့ တောင်းရတာပါ။



**အစိုးရကငှားပေးမယ်**

*ဥက္ကဋ္ဌ* - သုခက လိုချင်တယ်ဆိုတဲ့ရှေ့နေကို အစိုးရက ငှားပေးမယ်။

*ဦးစော*- ဒီလူတွေနဲ့ကျွန်တော်ဟာ နှစ်ပေါင်းများစွာ ခွေမျိုးလို နေခဲ့ပါတယ်။ ယခု တခြားစီထားလို့ ဒီလိုဖြစ်ကုန်ကြတယ်။ ဒါကြောင့် သူတို့နဲ့ လွတ်လွတ်လပ်လပ်တွေ့ဖို့ ခွင့်ပြုစေလိုပါတယ်။

*ဥက္ကဋ္ဌ* - ဒီအခွင့်ကိုပေးဖို့ တရားသူကြီးမှာ အာဏာမရှိပါ။ သို့သော် ဆိုင်ရာကိုအကြောင်းကြားပေးပါ့မယ်။ ကျေနပ်ပါသလား။

*ဦးစော* - ကျေနပ်ပါတယ်။

*ဥက္ကဋ္ဌ* - ဒီအမှုကို အောက်တိုဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ သို့ ရွှေ့ဆိုင်းလိုက်ပါသည်။ အစိုးရရှေ့နေကြီးကလည်း သဘောတူသည်။

*ဦးစော* - ဒီလူတွေနဲ့ ဒီအကြိမ်ဟာ ပထမတွေ့ခြင်းပါ။ သူတို့ကို ပုလိပ်က ရိုက်တယ်လို့ တိုင်ကြပါတယ်။

*ဥက္ကဋ္ဌ* - မှတ်တမ်းတင်ထားပါမယ်။ ဘယ်သူတွေကို ရိုက်လဲမေးပါ။

**ဦးစောကအထိန်းခြင်း**

မောင်နီ၊ သက်နှင်း၊ မှုံကြီးတို့က အရိုက်ခံရသည်ဟု တိုင်ကြသည်။

ဦးစောကအထိနိုင်း၍ ရန်ကြီးအောင်ကလည်း ထပြောသေးသည်။ ဤကဲ့သို့ ဦးစောက အခြားတရားခံများအား တီးတိုးပြောနေရာ အစောင့်ထ တားမြစ်ရသည်။ ၎င်းတို့၏ ဝက်ခြံကို ဝါးရင်းတုတ်ကိုင် ပုလိပ်သား ၆ ယောက်ခန့် စောင့်နေကြသည်။

**ဦးစောအား ပထမ ခေါ်ထုတ်သွားခြင်း**

အမှုကိုရက်ချိန်းပေး၍ တရားခံများကို ပြန်ခေါ်ရာ ဦးစောအား ပထမခေါ်ထုတ်သွား၏။ ဦးစောက သူ၏ယောက္ခမအား "ဦး နေကောင်းရဲ့ လား" ဟုမေးပြီး ကျွန်တော်နဲ့တွေ့ချင်ရင် တရားရုံးအတွင်းဝန်ထံ စာတင်ပါဟု မှာသွားသည်။ ပြုံးပြုံးရွှင်ရွှင်နှင့် ပိုက်ပါသွားသည်။ အခြား

www.burmeseclassic.com

www.burmeseclassic.com



တရားခံရှစ်ဦးအား လက်ထိပ်နှင့် ခေါ်သွားသည်။ နေ့လယ် ၁၂ နာရီအချိန်တွင် တရားသူကြီးများ ရုံးဆင်းသွားကြလေသည်။

မှတ်ချက်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့သော ဦးစောနှင့် အပေါင်းအပါတို့အား စစ်ဆေးရန် ၁၉၄၇ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်တွင် ထိုအချိန်က ဘုရင်ခံဖြစ်သော ဆာဟူးဘတ်ရန့်(စ်)က အထူးခုံရုံးဖွဲ့၍ စစ်ဆေးရန် အထူးခုံရုံး ဖွဲ့စည်းဥပဒေ ထုတ်ပြန်ခဲ့သည်။

အထူးခုံရုံးကို ၁၉၄၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်တွင် ဖွဲ့စည်းကာ ၂၄ ရက်တွင် စတင်ထိုင်သည်။ အထူးခုံရုံး ဥက္ကဋ္ဌအဖြစ် ဦးကျော်မြင့်၊ အဖွဲ့ဝင် ဦးအောင်သာကျော်၊ ဦးစိဘူးတို့ဖြစ်သည်။ လုပ်ကြံမှု တရားခံခေါင်းဆောင် ဦးစောနှင့် မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ မောင်နီ၊ ခင်မောင်ရင်၊ မှုကြီး တို့အား သေဒဏ်အမိန့်ကို ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်တွင် ချမှတ်ခဲ့သည်။

ဦးစောနှင့် အပေါင်းအပါတို့က အယူခံဝင်ရာ ၁၉၄၈ ခုနှစ်၊ ဧပြီ ၂၇ ရက်တွင် တရားလွှတ်ချုပ်က အယူခံကို ပယ်ချလိုက်သည်။ ၁၉၄၈ ခုနှစ်၊ မေ ၈ ရက် နံနက် အရုဏ်တက်တွင် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုကြီးတို့ကို အင်းစိန်ထောင်တွင် ကြိုးပေးပြီးလျှင် စိန်ကြီးနှင့် ရန်ကြီးအောင်ကိုမူ ရန်ကုန်ထောင် ကြိုးစင်၌ တစ်ပြိုင်နက် ကြိုးပေးသတ်လိုက်လေသည်။ ဘညွန့်မှာ ပေါ်ကောင်ဖြစ်၍ လွှတ်သွားပြီး ခင်မောင်ရင်၊ မောင်နီ၊ သုခတို့မှာ သမ္မတကြီး၏အမိန့်ဖြင့် တစ်သက်တစ်ကျွန်းဒဏ်ခံသွားကြရသည်။

■ *၁၉၄၇၊ အောက်တိုဘာလ ၉ ရက်*
*မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ဖော်ပြပါသည်။*

# ဇူလိုင် ၁၉ ရက် ရောက်လာလျှင်

ဇူလိုင်လ(၁၉)ရက်သို့ရောက်လာတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဖွယ်မှ သတိရရှိကြလေ၏။

ထိုနေ့ထိုရက်ကို အာဇာနည်နေ့အဖြစ် ဥဒါန်းတင်တည်ခဲ့ကြသော်လည်း လူတိုင်းလူတိုင်း၏ အသိဉာဏ်အစဉ်တွင်ကား အာဇာနည်နေ့ဟူသော စကားအစား '၁၉ ဇူလိုင်' ဟူသောနေ့ရက်ကို ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးသောနေ့ဟူ၍သာ လူထုတစ်ရပ်လုံးက အမှတ်အသားပြုခဲ့ကြရလေ၏။

"သေသောသူကြာလျှင်မေ့" ဟူသောစကားသည် အခြားသူများအတွက် မှန်ကန်ကောင်း မှန်ကန်မည်ဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းအတွက်ကိုမူ ထိုစကားသည် မှန်ကန်ပြီဟု မဆိုသာတော့ပြီ။

အဘယ်ကြောင့်ဆိုသော် မြန်မာပြည်လူထုတစ်ရပ်လုံး ယနေ့ထက်တိုင်အောင် ဗိုလ်ချုပ်အောင်ဆန်းအား မေ့မရနိုင်သောကြောင့်ပင်ဖြစ်လေ၏။

| တစ်ထောင့်တစ်ရာဆယ့်ငါးစု-(၁၁၁၅) | | |
|---|---|---|
| ဥ | ■ | ၁ |
| ဩ | ■ | ၁ |
| ဪ | ■ | ၁ |
| မြည် | ■ | ၅ |

**"ဥဩဪမြည် ကုန်းဘောင်တည်"** ဟူသော သမိုင်းတွင်လာသည့်စကားအရ ရွှေဘိုမြို့တော်ကြီးကို လက်မွန်မဆွ တည်ထောင်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရားကြီးပြီးလျှင် မြန်မာပြည်ကို ကျွန်ဘဝမှ ကယ်တင်ခဲ့သော တစ်ဦးတည်းသော အာဇာနည်ပုဂ္ဂိုလ်ကြီးကား **ဗိုလ်ချုပ်အောင်ဆန်း**သာလျှင် ဖြစ်လေ၏။

ထို့ကြောင့် 'ပြည်ထောင်စု၏ကျေးဇူးရှင် ဗိုလ်ချုပ်တို့ဖခင်' ဟူ၍ အတိုင်းပင် ထိုနေ့ ထိုရက်အခါတွင် အမှတ်တရ သတိတရ အလေးပြုကြရင်း ဗိုလ်ချုပ်အောင်ဆန်း ရည်မှန်းထားသောလမ်းစဉ်ကို ဒီမိုကရေစီအစိုးရနှင့် ပူးပေါင်းလက်တွဲကာ တစ်ညီတစ်ညွတ်တည်း စည်းကမ်းရှိစွာနှင့် ချီတက်ကြပါစို့ဟု တပ်လှန့်၍ နှိုးဆော် တိုက်တွန်းလိုက်ရလေတော့သတည်း.....

■ ဒေါ်အုန်းကြည်သား

# ဦးစော၏ ကိုယ်ရေးအကျဉ်း



၁၉၀၀ ပြည့်၊ မေ ၁၆ ရက်နေ့တွင် အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာမှ အဖေ ဦးဖိုးကြူ၊ အမိ ဒေါ်ပန်းတို့မှ မွေးဖွားခဲ့လေ၏။ မွေးချင်းလေးယောက်အနက် ဒုတိယမြောက်သား ဖြစ်လေ၏။

ကြို့ပင်ကောက်မြို့ ရိုမန်ကက်သလစ်သာသနာပြုကျောင်းတွင် သတ္တမတန်းအောင်မြင်ခဲ့၏။ အင်္ဂလိပ်စာဘာသာရပ်ကို ကာလကတ္တားမြို့သို့ သွားရောက်သင်ကြားခဲ့လေ၏။

၁၉၂၇ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ကာ ရှေ့နေလိုက်ခဲ့လေ၏။ သာယာဝတီ မြို့မဝံသာနုကောင်စီတွင် **စက္ကရီလာရီ** အဖြစ် ဆောင်ရွက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၂၁ ခုနှစ် ဂျီစီဘီအေအစည်းအရုံးတွင် ဖခင်ဦးဖိုးကြွ (မြေပိုင်ရှင်နှင့်)အတူ ၂၁ ဦး အဖွဲ့ဘက်က ပါဝင်ခဲ့လေ၏။

၁၉၂၅ ခုနှစ်တွင် ပထမအကြိမ် ဒိုင်အာခီရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ရှုံးနိမ့်ခဲ့ရလေတော့၏။

၁၉၂၇ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ဒိုင်အာခီရွေးကောက်ပွဲ၌ သာယာဝတီတောင်ပိုင်း မဲဆန္ဒနယ်မှ မင်းတိုင်ပင်အမတ်အဖြစ် အရွေးခံခဲ့ရလေ၏။ ၁၉၂၉ ခုနှစ်တွင် လွှတ်တော်အမတ်အဖြစ် အရွေးခံရပြီး ဂဠုန်ဆရာစံ၏ နောက်လိုက်များအတွက် ရှေ့နေလိုက်ပေးခဲ့လေ၏။

၁၉၃၁ ခုနှစ်တွင် ဥပဒေကောင်စီ၌ တောင်သူလယ်သမား တော်လှန်ရေးနှင့် ပတ်သက်၍ အင်္ဂလိပ်အစိုးရသည် ပုန်ကန်သူများအား နှိပ်ကွပ်ခဲ့ကြောင်း အစိုးရထံသို့ အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားခဲ့၏။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော မြန်မာပြည်အရေးစာအုပ်ကို ပိတ်ပင်တားဆီးမှုခံခဲ့ရ၏။

၁၉၃၂ ခုနှစ်တွင် ဒိုင်အာခီရွေးကောက်ပွဲ၌ သာယာဝတီ တောင်ပိုင်း မဲဆန္ဒနယ်မှ အရွေးခံရာ ရှုံးနိမ့်ခဲ့သော်လည်း ကြားဖြတ်ရွေးကောက်ပွဲတွင် ထားဝယ်မြောက်ပိုင်း မဲဆန္ဒနယ်မှ အရွေးခံခဲ့ရလေ၏။ ၁၉၃၄ ခုနှစ်တွင် [illegible]ယ်လှကြီးအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့လေ၏။

၁၉၃၅ ခုနှစ် မေလ ၂၃ ရက်နေ့တွင် သူရိယသတင်းစာကိုယ်စားလှယ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့လေ၏။ ဂျပန်မှအပြန် ကိုယ်တွေ့ဂျပန်ပြည်စာအုပ်ကို ရေးသား၍ သူရိယမှ ထုတ်ဝေခဲ့၏။

၁၉၃၅ ခုနှစ်တွင် သူရိယသတင်းစာ ဒါရိုက်တာအဖွဲ့ဝင် ၁၉၃၈ ခုနှစ်တွင် သူရိယသတင်းစာအယ်ဒီတာချုပ်၊ ၁၉၃၆ ခုနှစ်တွင် ဂဠုန်စစ်သူကြီးဘွဲ့ယူသော ဂဠုန်ဆောင်ကာ ဂဠုန်စစ်သူကြီးအဖြစ် ဆောင်ရွက်ခဲ့လေတော့၏။

၁၉၃၈ ခုနှစ်တွင် မျိုးချစ်ပါတီကို ဖွဲ့စည်းခဲ့ပြီး ထိုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့ တွင် ဓေတ္တအဖမ်းခံရလေ၏။




၁၉၃၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် သစ်တောရေးနှင့် ကိုယ်တိုင်နန်းရင်းဝန် အဖြစ်နှင့် အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့လေတော့၏။

၁၉၄၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အဖွဲ့ဝင် ၈ ဦးပါဝင်သော ဂဠုန်ဦးစော ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်များ၏ အမည်စာရင်းကို ထုတ်ပြန်ကြေငြာခဲ့လေ၏။

၁၉၄၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် နန်းရင်းဝန် အက်တလီနှင့် တွေ့ဆုံရန်အတွက် ဂဠုန်ဦးစောသည် အင်္ဂလန်သို့ သွားရောက်ခဲ့လေ၏။

၁၉၄၆ ခုနှစ်၊ မေလတွင် မျိုးချစ်ပါတီကို ပြန်လည်ဖွဲ့စည်းခဲ့လေ၏။ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်၏ ခေါ်ယူတွေ့ဆုံခြင်းကိုခံရလေ၏။



၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အောင်ဆန်းအက်တလီ စာချုပ်ကို လက်မှတ်မရေးထိုးဘဲ ပြန်လာခဲ့ကြသော ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့က ဖဆပလ အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ကြလေတော့၏။

ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့ ဖဆပလ အစိုးရအဖွဲ့မှ နုတ်ထွက်ကြပြီးနောက် ဖဆပလ အစိုးရအဖွဲ့ ကြားဖြတ်ယာယီအစိုးရအဖြစ် ပြည်လည်ဖွဲ့စည်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံခဲ့လေ၏။ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တရားခံဂဠုန်ဦးစော ခေါင်းဆောင်ကြီးများအား လုပ်ကြံခဲ့သော ပြစ်မှုထင်ရှားသဖြင့် သေဒဏ်အပြစ်ကျခံစေရန် အထူးခုံရုံးမှ အမိန့်ချမှတ်ခဲ့ပြီးလျှင် ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ကြိုးစင်တင်ခြင်းခံရကာ အဆုံးစီရင်ခြင်းခံခဲ့ရလေတော့သတည်း။

× × ×

**ခေါင်းမာယောင်ဆောင်သော ကျိုး** သို့မဟုတ်

# ဦးစောဂဠုန်အတု



**မှဆိန်မိုးဦးစော**

ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ထာဝရသတိရနေကြ၏။ သို့သော် လူသတ်သမား ဦးစောဆိုသူကိုလည်း မေ့လို့မရချေ။ နယ်ချဲ့သမားတို့၏ အလုပ်အကျွေးပြုသူပင်ဖြစ်၏။

လွန်ခဲ့သော အနှစ် ၂၀ ကျော်က ဦးစောသည် အာဖရိကတိုက်ရှိ ဗြိတိသျှအကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပြီး မြန်မာပြည်သို့ ပြန်လာခဲ့၏။ ထိုအချိန်က ၁၉၄၆ ခုနှစ် ၊ ဇန်နဝါရီလ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစောသည် ၁၉၄၁ ခုနှစ် နိုဝင်ဘာလ၌ ဘိလပ်သို့သွားခဲ့၏။ ၎င်းသည် ၉၁ ဌာန အုပ်ချုပ်ရေးအရ မြန်မာပြည်၏ နန်းရင်းဝန်ကြီးဖြစ်လေ၏။

ဦးစော ဘိလပ်သို့ သွားရခြင်းအကြောင်းရင်းကား…

''ဗမာပြည်‥ဗမာပြန်ရရေးဝါဒ''ဟုဆိုကာ ကြွားဝါကြေညာ၏။

တို့ဗမာအစည်းအရုံးဝင် သခင်နိုင်ငံရေးသမားများက ၉၁ ဌာန အုပ်ချုပ်ရေးအရ ဖြစ်နေသော နန်းရင်းဝန်အင်္ဂလိပ်၏ ရုပ်သေးနန်းရင်းဝန်အဖြစ်နှင့်သာ မြင်ကြလေ၏။

ဦးစောကိုလည်း ဖက်ဆစ်အကျင့်အကြံများရှိသော ဟန်ဆောင်ကောင်းသော အင်္ဂလိပ်အလိုတော်ရိတစ်ဦးပင်ဖြစ်သည်ဟု အားလုံးက သဘောပေါက်ထားကြ၏။

စစ်ကြီးပြီး၍ မြန်မာပြည်သို့ ဦးစောပြန်ရောက်သည့်အခါ ဦးစောဆိုသူအား စစ်မဖြစ်မီကမြင်သည့်အမြင်အတိုင်း သခင်များက မြင်ကြ၏။

ထိုမျှမကသေး ဗြိတိသျှနယ်ချဲ့သမားများ၏ ပုဆိန်ရိုးအဖြစ် အမျိုးသားလွတ်လပ်ရေး နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုကို လွန်စွာမှ အန္တရာယ်ပြုနိုင်မည်ဟု ခန့်မှန်းတွက်ချက်ကြ၏။

---

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံမခံရမီ တစ်နှစ်နှင့် ငါးလကျော် အချိန်ဖြစ်လေ၏။

■ တာရေးသူ

---



**အမျိုးသား အန္တရာယ်ကြီး**

သခင်စိုးက ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ထုတ် ပြည်သူ့အာဏာဂျာနယ်တွင် ယခင်ဦးစော၊ ယခုဦးစော၊ လာမည့် ဦးစောဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ဦးစောအန္တရာယ်ကို တင်ပြသွားဖူး၏။

အန္တရာယ်ဦးစောအကြောင်းသည်ကား အောက်ပါအတိုင်း ဖြစ်၏။

''ဗြိတိသျှအစိုးရသည် အင်္ဂလန်၊ ဂျာမနီ၊ ဂျပန်၊ တရုတ်၊ အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှားတိုင်းပြည်များတွင် တိုင်းသူပြည်သားတို့၏ လွတ်လပ်ရေးလုပ်ငန်းများကို ချိုးဖျက်ရန်ရည်ရွယ်ချက်ဖြင့် ဖက်ဆစ်များနှင့် သူတို့အများတို့ကို ပြန်၍အာဏာပေးခဲ့သလို ယခုလည်း မြန်မာတိုင်းသူပြည်သားတို့၏ လွတ်လပ်ရေးလုပ်ငန်းကိုလည်း အကြမ်းဖက်၍ ဖိနှိပ်ချိုးနှိမ်ရန် ဦးစောကို လွှတ်ပစ်သည်မှာ သေချာပေပြီ''ဟု ဝေဖန်သုံးသပ်ခဲ့လေ၏။

**ရွှေနှံအတု**

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံပေါ်စဉ်က ကျောင်းသားများ၏ ထကြွမှုကို တစ်စုံတစ်ရာမပြုလုပ်ဘဲ ငြိမ်ကာရာထူးဝင်ယူ၊ နေရာဝင်ယူခဲ့၏။

ဦးစောသည် စွပ်ကျယ်စက်ပိုင်ရှင် ကုလားနေရှင်များနှင့် လက်တွဲကာ စီးပွားရှာ၊ ကိုယ်ကျိုးရှာခဲ့လေ၏။

ထိုမျှမကသေး ဦးစောသည် ၎င်း၏ပါတီနှင့် အပေါင်းအပါများဖြစ်သော ကုလား၊ မြန်မာ၊ လယ်ပိုင်ရှင်ကြီးများ၏ ပယောဂဖြင့် ကုလား၊ မြန်မာ၊ လယ်ယာတောင်သူတို့၏ အသက်ရှူပေါက်ဖြစ်သော လယ်သီးစားဥပဒေကိုလည်း ဖျက်ဆီးခဲ့သူဖြစ်၏။

ဦးစော ဝန်ကြီးချုပ်ဖြစ်စဉ်က လယ်ရှင်များအတွက် ပေါ်ကိန်ရွှာန် ဖြစ်ရသော်လည်း လယ်ယာတောင်သူ ဆင်းရဲသားများအတွက်မှာမူ လောကငရဲကျွန်သံသရာလည်စေသော ''လယ်မြေစေ ချမ်းရေး'' ဥပဒေကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မြောက်အောင် ကြိုးစားခဲ့၏။

ဦးစော၏ တိုင်းပြည်အား နှိပ်စက်ရန် ထူထောင်ထားသည့် လူမိုက်အသင်း ဂဠုန်တပ်သည် လယ်သမားခေါင်းဆောင်များနှင့် လယ်ယာတောင်သူများကို အရမ်းကာရော ရိုက်နှက်ခဲ့ရာ၌ အတွင်းဝန်ရုံးကို ဝိုလ်အောင်ကျော်နှင့် ကျောင်းသားများ ဝိုင်းစဉ်က ရိုက်ခဲ့သောပုလိပ်နှင့် နှင်လားငါလား ဖြစ်ခဲ့ရလေ၏။

ဦးစောသည် နယ်ချဲ့အလိုတော်ရိ မြေရှင်လူတန်းစား၏ ကိုယ်စားလှယ်ဖြစ်သော်လည်း တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ၏ ဂဠုန်အမည်ကို အပိုင်စီးခဲ့၏။

## ချစ်တီး ဦးစော

ဦးစောသည် နယ်ချဲ့အလိုတော်ရိ မြေရှင် လူတန်းစားများ၏ ကိုယ်စားလှယ်ဖြစ်သော်လည်း မြေပိုင်ရှင်ကြီးများထံမှ လယ်ယာမြေများကို အစိုးရ ဘဏ္ဍာအဖြစ် ဝယ်ယူပြီးလျှင် တောင်သူလယ်သမားတို့ အား အရစ်ကျပေးချေသောစနစ်ဖြင့် ပြန်ရောင်းခြင်းကို "လယ်မြေဝေခြမ်းရေး" ဟု အမည်ဖြင့် နိုင်အာစီအုပ်ချုပ်ရေး ၉၁ ဌာန အုပ်ချုပ်ရေး ဒိုမီနီယံ ပထာမအုပ်ချုပ်ရေးဟူသော ခေါင်းစဉ်တပ်ကာ အင်္ဂလိပ်ပေးသမျှ အုပ်ချုပ်ရေးတို့တွင် ကျေနပ်စွာပူးပေါင်းဆောင်ရွက်သူ ဗြိတိသျှအလိုတော်ရိဖြစ်သော်လည်း မိုးချစ်ဟူသောအမည်ကို အရှက်မရှိစွာ ခံယူ၍ ငွေတိုးပေးစားသော ကုလားချစ်တီးများကဲ့သို့ ဆိုးဝါးစွာ လုပ်စားနေသူဖြစ်လေ၏။

## ဟစ်တလာဝါဒကို ထက်ကိုင်ထားသည့် ဦးစော

စစ်ကြီးအပြီး ဗြိတိသျှအကျဉ်းထောင်မှ မြန်မာပြည်သို့ ပြန်ရောက်လာသောအခါ ဦးစောသည် ဖ·ဆ·ပ·လကိုပင် ထောက်ခံတော့ မယောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပင် ပူးပေါင်းတော့မယောင် လေသံပစ်၏။



ဦးစောဆိုသူသည် ၎င်းကိုယ်တိုင် လွတ်လပ်ရေးတိုက်ပွဲဝင်သူရဲကောင်းဖြစ်အောင် ထူထောင်လိုက်ပြီး ဖက်ဆစ်စနစ်၊ နေရှင်စနစ်၊ နယ်ချဲ့စနစ်တို့မှာ ကျဆုံးပြီဟု ၎င်း၏ပါးစပ်မှ ထွက်ပေါ်လာပြန်သေး၏။ တိုက်ရန်မြန်မာပြည်သူတို့နှင့် ကမ္ဘာ့သူကမ္ဘာ့သားတို့၏ အရေးအကြီးဆုံးသော တာဝန်များဖြစ်သည်။ ထိုတာဝန်ကို ဦးစောက သတိမရ၊ သတိမေ့အောင် လုပ်လိုက်ခြင်းဖြစ်၏။ ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို မြန်မာပြည်နှင့်လျော်ညီအောင် ကျင့်သုံးမည်ဟု ပြောခြင်းသည် "ဟစ်တလာ"၏ အမျိုးသားဆိုရှယ်လစ်ဝါဒကို ဆိုလိုပေသည်"ဟူ၍ ဖြစ်လေတော့၏။

## ဦးစောကို ထောက်လှမ်းခြင်း



သခင်စိုးသည် ဦးစောနှင့်ပက်သက်သော အောက်ပါအတိုင်း သတိပေးနှိုးဆော်လိုက်လေ၏။

"ဦးစော၏ ဒုတိယလမ်းဖြစ်သော ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကို ငြိမ်းချမ်းရေးလမ်းသို့ ၎င်းလိုက်လာပါက ထိုအဖွဲ့ချုပ်အတွင်းသို့ ထရိုကျင် သစ်သားမြင်းရုပ်ကြီး နောက်တစ်ကောင် ဝင်လာရာရောက်သောကြောင့် အဖွဲ့ချုပ်အတွင်းသို့ ဦးစောမဝင်နိုင်အောင် လူထုကြီးတတားမြစ်ရမည်။

ယခုလို မြန်မာပြည်သို့ ပုပုနွေးနွေးရောက်လာသော ဦးစော၏ ခြေလှမ်းကို ရန်သူ၏ခြေလှမ်းလို စောင့်ကြည့်နေရန် ၎င်းအား အလစ်မပေးဘဲ မာန်ဆောင်၍ပင် စောင့်ကြည့်နေရန် ကွန်မြူနစ်ပါတီက သတိပေးနှိုးဆော်လိုက်လေ၏"

ဤသည်ကား လွန်စွာမှညီညွတ်နေသော ကွန်မြူနစ်ဝါဒီတို့၏ သတိပေးနှိုးဆော်စာ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူကို ကြိုတင်ပေါ်ထုတ်သတိပေးခဲ့သော်လည်း ရှားမကြားမီအချိန်မှာ ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲသလို အလံနီ၊ အလံဖြူဟု နှစ်ပါတီ ဖြစ်သွားလေ၏။

ထို့နောက် ဖ.ဆ.ပ.လနှင့် ကွန်မြူနစ်ပါတီတို့လည်း အကွဲအပြဲ ဖြစ်ရပြန်လေး

ရန်သူကို ကြိုတင်ပေါ်နိုင်ခဲ့သော်လည်း လုံးဝမထင်သောအရှက်ကိုသို့ လူမဆန်အောင် ပြုလုပ်နိုင်လိမ့်မည်ဟုမထင်သော ထောင့်ကစေ့ရန်သူက ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှာဖြင့် နိုင်ငံတော်လုပ်ကြံမှုကြီးကိုတော့ မတားဆီးနိုင်ခဲ့ရှာတော့ ...။

× × ×

# ဂဠုန်ဦးစော ၏ နောက်ဆုံး အမှားနဲ့အမှန်

သူဟာမြန်မာ့သမိုင်းမှာတော့ လူကြမ်းကြီးတစ်ယောက်လို့ မြန်မာပြည်သူပြည်သားတွေက ဒီနေ့ထိ သတ်မှတ်ထားကြပါတယ်။

လူကြမ်းဆိုတော့ သူ့ကို အားလုံးကမုန်းကြတာတော့ မဆန်းပါဘူးလေ။ လူကြမ်းဆိုတော့လည်း လူကြမ်းအလုပ်ကို လုပ်တာတော့ သိပ်ပြီး မထူးဆန်းလှပါဘူး။

အခုပြောတဲ့ လူကြမ်းကြီးဆိုတာကတော့ ဦးစော ဂဠုန်ဦးစောပါပဲ။ ဦးကြာဆိုတာက ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမျိုးသားခေါင်းဆောင်ကြီး တွေကို လုပ်ကြံနိုင်းတဲ့လူကြီးပေါ့ဗျာ။

ဗိုလ်ချုပ်တို့တွေကို လုပ်ကြံပြီးမြောက် အောင်မြင်တဲ့အခါ ဂဠုန်ဦးစောက အောက်ပါအတိုင်း ပြောလိုက်တာက ...

"ကျုပ်ကိုနိုင်းတဲ့လူက အောင်ဆန်းတစ်ယောက်ပဲ လုပ်ပစ်ဖို့ပါ။ ဒါပေမယ့် ကျုပ်က တခြားသူတွေကိုပါ အဆစ်ထည့်ပေးလိုက်တာပါ" လို့ ပြောလိုက်တယ်။

အဲဒီစကားက ဦးဘညွန့်က ပြန်ပြောခဲ့တာပါ။ ဦးဘညွန့်ဆိုတာ ဘယ်သူလဲလို့ဆိုရင် ဗိုလ်ချုပ်တို့ကို လုပ်ကြံတဲ့အထဲမှာ ပါဝင်တဲ့သူပါပဲ။ ဒါပေမယ့် သူဟာ ဖော်ကောင်ဘညွန့်ပါပဲဗျာ။

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တစ်ခုရဲ့ အမှားအမှန်ဟာ မလုပ်ခင် မသိနိုင်ဘူး၊ လုပ်ပြီးမှပဲ သိနိုင်တာပဲ"

လို့ ဂျူနိုဦးစောက စိတ်မကောင်းစွာနဲ့ ပြောခဲ့ပါသေးတယ်။

တကယ်တော့ ရှင်ဘုရင်ကိုသတ်ရင် ရှင်ဘုရင်ဖြစ်မယ်လို့ ထင်ထားတဲ့ ဂျူနိုဦးစောဟာ တကယ့်လက်တွေ့မှာတော့ အထင်နဲ့အမြင် လွဲခဲ့ရပါတယ်။

အဲဒီအတွက် ဂျူနိုဦးစောဟာ ဘဝဇာတ်သိမ်း မကောင်းခဲ့ပါဘူးလေ။

ဂျူနိုဦးစောတို့အဖွဲ့ဟာ ဗိုလ်ချုပ်တို့ကို လုပ်ကြံခဲ့တဲ့ညနေပိုင်းမှာပင် အဖမ်းခံရပြီးတော့ အထူးရာဇဝတ်ခုံရုံးမှာ အမှုစစ်ဆေးခံရပြီး သေဒဏ်ကြိုးမိန့် ချမှတ်ခြင်းခံခဲ့ရတယ်။

"အလုပ်တစ်ခုရဲ့ အမှားအမှန်ဟာ မလုပ်ခင်မသိနိုင်ဘူး၊ လုပ်ပြီးမှ သိနိုင်တာပဲ" လို့ဆိုတဲ့စကားဟာ သူ့ကို သတိသံဝေဂ ရစေခဲ့ပါတယ်။

လောကကြီးမှာ မိမိရဲ့လုပ်ရပ်များကို မှားမှန်းမသိသူမှာ ပိုပြီးမိုက်မဲတယ်လို့ လူကြီးတွေက ပြောဖူးပါတယ်။

ဒေါသနှင့်အာဃာတ တရားများသည် ကောင်းကျိုးကိုမပေးဘဲ ဆိုးကျိုးကိုသာပေးသည်၊ သူသည် ဒေါသမီးကို ရင်ဝယ်ပိုက်ပြီး အာဃာတ တရားကြီးမားလွန်းခဲ့သဖြင့် သူ၏ဘဝကို တိုတိုနှင့် ပိုင်းကာ ဇာတ်သိမ်းဆိုးခဲ့ရသည်။

အကယ်၍ ဒေါသမီးကို ရင်ဝယ်မပိုက်ဘဲ ငြိမ်းသတ်နိုင်ခဲ့ပြီး အာဃာတတရားကိုလည်း ဖျောက်ဖျက်ပစ်နိုင်ခဲ့မည်ဆိုလျှင် ယခုလို အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝကို တိုတိုပိုင်းရမည်မဟုတ်ချေ။

သူမြတ်နိုးသော ဇနီး၊ သူချစ်သော သမီးတို့နှင့်လည်း အိုအောင် မင်းအောင် နေထိုင်ရပြီး တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်သွားနိုင်မည် ဖြစ်သည်။

ယခုမူကား လွန်ခဲ့လေပြီ၊ ပြီးခဲ့လေပြီ။ သို့တစေလည်း ဖခင်ဖြစ်သူ၏ အမှားမျိုး၊ နောက်တစ်မျိုး သံဝေဂမျိုးကို သမီးဖြစ်သူ မကြုံတွေ့ရလေ



အောင် ဖခင်၏ ဘဝသင်ခန်းစာကိုယူ၍ "ဒေါသမီးကို ရင်ဝယ်မပိုက်ထွေးဘဲ ငြိမ်းသတ်ပစ်ပါ။

မည်သူ့အပေါ်မှ ရန်ငြိုးဖွဲ့ ရန်ငြိုးမထားဘဲ အာဃာတတရားကို ဖျောက်ဖျက်မှေပျောက်ပစ်ပါလေ...ချစ်သမီး" လို့ဆိုပြီး ဂျူနိုဦးစောဟာ သူ့ရဲ့သမီးဖြစ်သူ မေသန်းစော (ခေါ်) တောဘီစောထံကို နောက်ဆုံးပေးစာ တစ်စောင်ကို ကြိုးပေးခံရမယ့် ရက်ပိုင်းလေးမှာ ရေးသားပြီး အဲဒီစာကို လည်း သက်ဆိုင်ရာတို့ကတစ်ဆင့် တောဘီစောထံသို့ ပေးပို့ခဲ့တာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ဂျူနိုဦးစောကတော့ နောက်ဆုံးမှာ အသိနဲ့ သတိရှိပြီး အမှားအမှန်ကို ခွဲခြားသွားခဲ့ပါတယ်။

"လူဆိုးကဖြစ်စေ ရန်သူကဖြစ်စေ အကျိုးမဲ့ ပျက်စီးခြင်းကို ပြုလျှင် ဤဘဝ တစ်ဘဝ ပြုနိုင်၏။

မိမိပြုထားသော အကုသိုလ်ကံကမူ မိမိကို ဘဝများစွာ ပျက်စီးသွားအောင် ပြုနိုင်၏..."

ကိုးကား၊

သန်းဝင်းလှိုင်၏ ဂျူနိုဦးစော၏ နောက်ဆုံးနေ့များ

■ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့သည်တား မြန်မာနိုင်ငံတော်ကြီး ကို သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် အသက်သွေးချွေးတို့ဖြင့်စတေး

www.burmeseclassic.com

www.burmeseclassic.com

# အာဇာနည်နေ့ကို ဘာကြောင့် မမေ့သင့်တာလဲ

လွတ်လပ်ရေး အရယူပေးခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရလေ၏။

မြန်မာနိုင်ငံတော်ကြီးသည် ဟိုးရှေး နှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် လွန်စွာမှအေးချမ်းစွာ တည်ရှိခဲ့သော နိုင်ငံတော်ကြီးပင် ဖြစ်၏။



ထိုသို့ လွန်စွာမှအေးချမ်းစွာ နေထိုင်ကြသော မြန်မာနိုင်ငံတော်ကြီးကို အရင်းရှင်နယ်ချဲ့ကျူးကျော်ရေးသမားတို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ကျူးကျော် သိမ်းပိုက်လိုက်သည့်အတွက် ကျွန်ဘဝသို့ ရောက်ခဲ့ရလေ၏။

ထိုအခါ မြန်မာတို့သည်



ထီးသုဉ်းနန်းသုဉ်း လွတ်လပ်ရေး ဆုံးရှုံးခဲ့ရ သည့်အခါ လွတ်လပ်စွာနေထိုင်ခဲ့ရသော မြန်မာတို့သည် လွတ်လပ်ရေးကို လွန်စွာမှ မြတ်နိုးကြသဖြင့် သူ့ကျွန်မခံလိုသောစိတ်ဓာတ်ဖြင့် မျိုးချစ်စိတ် အပြည့်အဝရှိသော မြန်မာတိုင်းရင်းတို့က ရရာလက်နက်ဆွဲကိုင်ကြပြီးလျှင် နယ်ချဲ့ကျူးကျော်သူများအား ခုခံကြ၏။

တွန်းလှန်ကြ၏။

တော်လှန်ကြ၏။

သူ့ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် တောင်ပေါ်မြေပြန့် မြန်မာပြည်နေရာအနှံ့တွင် ၁၈၈၅ ခုနှစ်မှ ၁၉၀၀ ပြည့်နှစ်အလွန်ထိ ၁၅ နှစ်ကျော်ကျော် အသက်ပေါင်းများစွာ စတေး၍ ခုခံတော်လှန် တိုက်နိုက်ခဲ့ကြလေ၏။

မြန်မာတို့၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ကား မေးမှိန်ပျောက်ကွယ် သွားခြင်းမရှိကား နယ်ချဲ့တို့ကို နိုင်ငံရေးနည်းဖြင့် တော်လှန်ရန်အတွက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေကို ၁၉၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်း လှုပ်ရှားခဲ့လေ၏။

၁၉၁၉ ခုနှစ်တွင် ဂျီစီဘီအေ (ခေါ်) မြန်မာအမျိုးသားအသင်းကြီးကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလှုပ်ရှားကြပြန်၏။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင် ကန့်ကွက်ရာမှ တစ်မျိုးသားလုံး အုံကြွလာခဲ့ပြီး အမျိုးသားရေးစိတ်ဓာတ် ပိုမိုပြင်းထန်လာလေ၏။

ထိုအချိန်၌ နယ်ချဲ့တို့က အိန္ဒိယနှင့် မြန်မာ ခွဲရေး၊ တွဲရေး ပြဿနာကို ဖန်တီးလာလေ၏။

ခြယ်လှယ်သွေးစုပ်မှုအမျိုးမျိုးကို ခါးစည်းခံနေကြရသော တောင်သူ လယ်သမားများကလည်း ဆရာစံဦးဆောင်ပြီး ၁၉၃၀ ပြည့်နှစ်တွင် နယ်ချဲ့ သမားတို့ကို ရရာလက်နက်ဆွဲကိုင်ကာ တော်လှန်ကြပြန်၏။

ထိုအချိန်ကာလမှာပင် အမျိုးသားရေးကို အခြေခံပြီး လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင်ရန် နိုင်ငံရေးအသိမြင့်မားသော တို့ဗမာအစည်းအရုံးကြီး ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပြီးလျှင် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြလေတော့၏။

နိုင်ငံရေးအတွေ့အကြုံများမှ မြန်မာ့လွတ်လပ်ရေးကို နိုင်ငံရေး သာမက စစ်ရေးပါတိုက်ရမည်ကို သိရှိခံယူသော သခင်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ်တွင် ပြည်ပသို့ထွက်ခဲ့ပြီး သခင်အောင်ဆန်း ဦးဆောင် သည့် ရဲဘော်သုံးကျိပ်တို့သည် အသက် သွေး ချွေးတို့ စတေးကာ ဂျပန် နိုင်ငံတွင် စစ်ပညာသင်ယူကြလေ၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းပြီး ဗိုလ်တေဇ ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်ကိုဦးဆောင်ပြီး မြန်မာ့မြေမှ နယ်ချဲ့သခင်များကို မောင်းထုတ်နိုင်ခဲ့လေတော့၏။

သို့သော် မိတ်ဆွေဟန်ဆောင်သည့် ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးအတုအယောင်ပေးကာ သိမ်းယူထားပြီးလျှင် မြန်မာပြည်သူတို့က ဖက်ဆစ်ဝါဒ၏ ခါးသီးရက်စက်ကြမ်းကြုတ်ခြင်းများကို ခါးစည်းခံကြရပြန်၏။

ထို့ကြောင့် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ၏ မြန်မာ့တပ်မတော် ဦးဆောင်မှုဖြင့် တော်လှန်ခဲ့ကြပြန်၏။

နယ်ချဲ့ဖက်ဆစ်များကို မြန်မာ့မြေပေါ်မှ မောင်းထုတ်လိုက်သည့် အခါ အရင်းရှင်နယ်ချဲ့သမားတို့က 'တစ်ဖန်ပြန်ဝင်လာကြပြန်၏။

ဗိုလ်ချုပ်အောင်ဆန်း၏ဆန္ဒကား တစ်နှစ်အတွင်း လွတ်လပ်ရေး ရရှိရန်ဖြစ်၏။ ထို့ကြောင့် အင်္ဂလန်သို့သွားကာ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် တောင်းဆိုပြီး 'အောင်ဆန်းအက်တလီ' စာချုပ်ကို ချုပ်ဆိုခဲ့လေ၏။

မြန်မာ့လွတ်လပ်ရေးကို ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ မြန်မာ တစ်နိုင်ငံလုံးက လိုလားနေကြောင်း တိုင်းရင်းသားအားလုံးက သွေးစည်း ညီညွတ်နေကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ပြီး ၁၉၄၇ ခုနှစ်၊



ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ရှမ်းပြည်တောင်ပိုင်း၊ ပင်လုံမြို့တွင် "ပင်လုံ စာချုပ်ကြီး"ကို ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ကိုယ်စားလှယ်ပေါင်း ၂၃ ဦးက တစ်ညီတစ်ညွတ်တည်း လက်မှတ်ရေးထိုးခဲ့ကြလေ၏။

လွတ်လပ်ရေးရအံ့မှူးမှူး ပြည်သူတစ်ရပ်လုံး သွေးစည်းညီညွတ် နေသည့်အချိန် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မြန်မာ့ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးတို့အား အသားထဲကလောက်ထွက်သည့် နယ်ချဲ့လက်ပါးစေ များက လွန်စွာမှ ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်လိုက်ကြလေ တော့၏။

ထို့ကြောင့် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့ကို မြန်မာ တစ်ပြည်လုံးက ထာဝရ မမေ့သင့်ကြောင်း ဖြစ်ရလေတော့သည်။

ကျမ်းကိုးစာရင်း
(၁) ဒေါက်တာမောင်မောင်၏ နိုင်ငံတော်လုပ်ကြံမှု၊
(၂) သန်းဝင်းလှိုင်၏ ဝဋ္ဋုန်ဦးစော၏ နောက်ဆုံးနေ့များ
(၃) သမိုင်းသုတေသန ဦးစိုးဌာန(နေပြည်တော်)
၂၀၁၁ ခုနှစ်ထုတ် ခေတ်ရေစီးထဲက ပုဂ္ဂိုလ်များ
(၄) အာဇာနည်နေ့ဆောင်းပါးများ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းထွင့်စာပေမှ ထွက်ရှိပြီးစာအုပ်များနှင့် ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၁။ ဗိုလ်ချုပ်စကား မိုးကြိုးသွား
ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)

၂။ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအမြင်တော
ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)

၃။ ဝရမ်းပြေးဘဝ ရောက်ခဲ့ဖူးသည့် သခင်အောင်ဆန်း
ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)

၄။ ဒီမိုကရေစီရဲ့အလင်းရောင် လူထုရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်
နတ်လှုငြိမ်း

၅။ ဗိုလ်ချုပ်မိခင် အမေစု
ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)

၆။ မြန်မာနိုင်ငံခေတ်အဆက်ဆက် နိုင်ငံတော်သမ္မတများ
ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)

## ယခုထွက်ရှိသည့်စာအုပ်

ကိုးယောက်ကသတ်၍ ကိုးယောက်ကသေရတဲ့ လူသတ်ပွဲကြီး
ဒေါ်အုန်းကြည်သား(ရှာဖွေစုဆောင်းတင်ပြသည်)

## ဆက်လက်ထွက်ရှိသည့်စာအုပ်

ကမ္ဘာ့ငြိမ်းချမ်းရေးအလင်းရောင် မြန်မာ့ဂုဏ်ဆောင်သူ (သို့မဟုတ်) ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်
နတ်လှုငြိမ်း